ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်၊ တနင်္လာနေ့၊ (17-10-2005)(၄၇၅၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စု စိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ယနေ့ကမ္ဘာကြီး၌ လူသန်းပေါင်း ၈၀၀ ကျော်သည် စားနပ်ရိက္ခာဖူလုံမှုမရှိ
လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် စားနပ်ရိက္ခာဖူလုံပြည့်စုံ
၂၀၀၄-၂၀၀၅ ခုနှစ်၌ စပါးတင်းသန်း ၁၂၀၀ နီးပါးခန့်ထိ တိုးတက်ထွက်ရှိ
ပြည်တွင်းစားနပ်ရိက္ခာဖူလုံစေရုံသာမက ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေး အထောက်အကူပြု

ရန်ကုန် အောက်တိုဘာ ၁၆

၂၀၀၅ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ထူးချွန်ဆုရ မြို့နယ်နှင့် တောင်သူတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့်ရေလုပ်ငန်းပညာရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ၂၀၀၅ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ ကျင်းပရေး ဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ပြည်တွင်းပြည်ပ စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ၊ ဆုရမြို့နယ်များမှ ကိုယ်စားလှယ်များ၊ ဆုရပုဂ္ဂိုလ်များနှင့်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မိန့်ခွန်းပြောကြား

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အတိုင်း ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်များနှင့် မူများကို မပိတ်မသုန်အခိုင်အမာ ထောက်ခံလျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ၂၀၀၅ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၇-၁၀-၂၀၀၅ (တနင်္လာနေ့)

သီတင်းကျွတ်လပြည့်နေ့ ကုသိုလ်တရားပွားများအားထုတ် အဘိဓမ္မာ တရားများ ပွားများပူဇော်

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးရက်မြတ်ဖြစ်သည့် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ဖြစ်သည်။ ဝါလကင်းလွတ် သီတင်းကျွတ်ဟူသည့် ဆိုစကားနှင့်အညီ ရဟန်းသံဃာတော်များ ဝါဆို ဝါကပ်၍ ကျောင်းတွင်း၌ သီတင်းသုံးနေရာမှ ကင်းလွတ်သောကြောင့် သီတင်းကျွတ်လဟူ၍ ခေါ်ဆိုခဲ့ကြသည်။

သီတင်းကျွတ်လ ရာသီချိန်သည် ရာသီဥတု ကြည်လင်သာယာပြီး မြကန်သာတို့အတွင်း ကြာမျိုးငါးပါးတို့ ပွင့်လန်းလျက်ရှိသော အချိန်အခါဖြစ်သည်။ သီတင်းကျွတ်လ၏ ရာသီပွဲတော်မှာ မီးမြင်းမိုရ်ပွဲဖြစ်သည်။ ဘုရားရှင် တာဝတိံသာနတ်ပြည်မှ ဆင်းကြွတော်မူလာချိန်ကို ရည်ရွယ်ပူဇော်သောအားဖြင့် သီတင်းကျွတ်လပြည့် မီးထွန်းပွဲတော် ပူဇော်ကျင်းပကြခြင်းဖြစ်သည်။

မြတ်စွာဘုရားရှင်သည် ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူပြီး ခုနစ်ဝါမြောက်တွင် တာဝတိံသာနတ်ပြည်၌ ဝါကပ်တော်မူသည်။ ဤသည်မှာ ဘုရားရှင်၏ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားအား အဘိဓမ္မာတရားတော်ကို ဟောကြားခြင်းဖြင့် ကျေးဇူးဆပ်လိုသောကြောင့် ဖြစ်သည်။

မယ်တော်မာယာဒေဝီသည် ဘုရားလောင်းသိဒ္ဓတ္ထအားဖွားမြင်တော်မူပြီး နတ်ရွာစံသွားရာ တာဝတိံသာနတ်ပြည်တွင် သန္တုသိတအမည်ဖြင့် နတ်သားဖြစ်နေပေသည်။ မြတ်စွာဘုရားရှင်သည် သန္တုသိတနတ်သားအမှူးရှိသည့် နတ်ဗြဟ္မာအပေါင်းတို့အား ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာ ဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဂေါတမမြတ်စွာဘုရားရှင်သည် တာဝတိံသာ နတ်ပြည်၌ သန္တုသိတနတ်သားနှင့်တကွ နတ်ဗြဟ္မာအပေါင်းတို့အား **ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ** အစရှိသော အဘိဓမ္မာတရားတော်မြတ်ကို နေ့ညမစဲ ဝါဆိုလပြည့်နေ့မှ စတင်ဟောကြားတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့တွင် တရားတော်ပြီးဆုံးခဲ့သည်။

မြတ်စွာဘုရားရှင်သည် အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူပြီး သီတင်းကျွတ်လပြည့်နေ့၌ တာဝတိံသာနတ်ပြည်မှ လူ့ပြည် သင်္ကဿနဂိုရ်သို့ ကြွမြန်းတော်မူခဲ့သည်။ ဤကဲ့သို့ မြတ်စွာဘုရားရှင် ကြွမြန်းလာခြင်းကို ရည်မှန်းကာ ဆီမီးပူဇော်ပွဲများဆင်ယင်ခြင်းများဖြင့် မီးထွန်းပွဲတော်များ ကျင်းပလာခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်သည်။

အထူးသဖြင့် ဗုဒ္ဓဘာသာဝင်များသည် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့တွင် အဘိဓမ္မာတရားတော်များကို ရွတ်ပွားပူဇော်ကြသည်။ အဘိဓမ္မာတရားတော်သည် အလွန်ထူးကဲသော တရားတော်မြတ်ဖြစ်သည်။ ထိုတရားတော်မြတ်အား ရွတ်ပွားသရဇ္ဈာယ်နေသူတို့မှာ တရားတော်အား ရွတ်ပွားနာကြားနေချိန်အတွင်း တဒင်္ဂ၌ လောဘ၊ ဒေါသ၊ မောဟ ကိလေသာများ ချုပ်ငြိမ်းနေခြင်း အကျိုးတရားများနှင့် အတူ ပစ္စုပ္ပန်၊ သံသရာကောင်းကျိုး များစွာကို ရရှိဖြစ်ထွန်းစေမည် ဖြစ်သည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်ပြည်သူအများတို့က သီတင်းကျွတ်လပြည့် အခါသမယတွင် အဘိဓမ္မာတရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဆင်းရဲခြင်းဒုက္ခအပေါင်းတို့ ချုပ်ငြိမ်းရာအမှန် မြတ်နိဗ္ဗာန် ရောက်ကြောင်းတရားများ ဆည်းပူးအားထုတ်ခြင်းများ ပြုလုပ်ကြသည်။ ဘုရား၊ ကျောင်းကန်များ၌ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဓမ္မနာယူခြင်းစသည့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြမြဲဖြစ်သည်။

သို့ဖြစ်ရာ ဗုဒ္ဓဘာသာဝင် ပြည်သူအပေါင်းတို့အနေဖြင့် သီတင်းကျွတ်လပြည့်နေ့ အခါသမယတွင် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်၊ ကျေးဇူးတော်တို့ကို အာရုံပြု၍ အဘိဓမ္မာဒေသနာတရားများ ရွတ်ဆိုကြည်ညိုသဒ္ဓါပွားရင်း ဒါန၊ သီလ၊ ဘာဝနာတရားများ ချမ်းမြေ့စွာ အားထုတ်နိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ စိုက်ပျိုးရေးနည်းပညာလက်တွေ့ပြပွဲ တက်ရောက် မြို့ပတ်လမ်းမကြီး ကတ္တရာခင်း ပြီးစီးမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၆

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ယမန်နေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မလစ်ကျေးရွာအနီးရှိ စပါးပန်းတိုင်အထွက်နှုန်း အထူးဇုန်ဧက ၅၀၀ စိုက်ပျိုးပညာပေးစခန်း၌ ကျင်းပသည့် စိုက်ပျိုးရေးနည်းပညာ လက်တွေ့ပြသပွဲသို့ တက်ရောက် အားပေးချီးမြှင့်သည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် အထူးဇုန်ဧက ၅၀၀ အတွင်း မိုးစပါးပန်းတိုင်အထွက်နှုန်း ပြည့်မီ ကျော်လွန်စေရန်အတွက် စပါးအထွက်နှုန်း မိတ်ဖက်အချက်များဖြစ်သည့် တစ်ဧကကောက်ကွက် အောင်နံ့ ပင်ပွား နှင့် တစ်နံ့အောင်စေ့ အချက်များကို စနစ်တကျ တွက်ချက်၍ စိုက်ပျိုးခဲ့သဖြင့် ရည်မှန်းချက်အထွက်နှုန်း တစ်ဧကတင်း ၁၃၀ပြည့်မီ ထွက်ရှိမည့် ဆင်းသွယ်လတ်၊ ရွှေမြန်မာ၊ရေဆင်း (၃)စပါး စိုက်ခင်းများကို ကြည့်ရှုအားပေးသည်။

ရှင်းလင်းပြသ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဆင်းသွယ်လတ် စပါးမျိုးကို စပါးပျိုးသက်ငယ် ကောက်ကွက်အမျိုးမျိုး၊ လက်ဆနှစ်ပင်ဖြင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီအောင် စမ်းသပ် စိုက်ပျိုးထားမှုကိုလည်းကောင်း၊ အီးအမ်ဖျော်ရည်ကို စပါးသက်တမ်းတစ်လျှောက် လေးကြိမ်အရည် တိုက်ရိုက်ဖျန်းပြီး ပန်းတိုင်အထွက်နှုန်း ပြည့်မီအောင် စမ်းသပ်ထားမှုကိုလည်းကောင်း၊ စပါးအထွက်နှုန်း စွမ်းရည်မြင့်မားသည့် R လိုင်းစပါးမျိုးများ ပန်းတိုင်အထွက်နှုန်း ယှဉ်ပြိုင် စမ်းသပ်ထားမှုကို လည်းကောင်း၊ ဝတ်မှုန်ဖြင့် မျိုးပွားထားသော စပါး(၃)မျိုးကို ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရန် စမ်းသပ်ထားမှုကို လည်းကောင်း၊ ပန်းတိုင်အထွက်နှုန်း စပါးမျိုးများဖြစ်သည့် ဆင်းသွယ်လတ်၊ M.R၊ ရေဆင်း(၃)၊ မနောသုခ စပါးမျိုးများကို ပန်းတိုင်အထွက်နှုန်း ယှဉ်ပြိုင် စမ်းသပ်ထားမှုကို လည်းကောင်း၊ ဆင်းသွယ်လတ် စပါးမျိုးကို ခေါင်နံ့ဖြင့် မျိုးပွား စိုက်ပျိုးထားသော စိုက်ခင်းကို လည်းကောင်း လိုက်လံကြည့်ရှု အားပေးရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်း၊ တိုင်း စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ဆန်းနှင့် တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နည်းပညာလက်တွေ့ပြသပွဲသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် တောင်သူလယ်သမားကြီးများအား တွေ့ဆုံနှုတ်ဆက်ပြီး ယခုပြသထားသည့် စိုက်ပျိုးရေး နည်းပညာများနှင့် အထွက်ကောင်း စပါးမျိုးများကို စနစ်တကျလေ့လာ၍ ဒေသနှင့်ကိုက်ညီပြီး အကျိုးဖြစ်ထွန်းသော စပါးမျိုးများကို ရွေးချယ်စိုက်ပျိုးကြရန်နှင့် တစ်ဧကအထွက်နှုန်း တိုးတက်ရေးမှသည် ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ရန်ကုန်လမ်းမကြီးများဖြစ်သော အမှတ်(၁)၊ အမှတ် (၂)နှင့် အမှတ်(၃)လမ်းတို့ကို ဆက်သွယ်ထားသည့် အရှည် ၁၂မိုင် အကျယ် ၁၈ပေရှိ မြို့ပတ်လမ်းမကြီးကို အရှည် ၁၀မိုင် ၂ဖာလုံခွဲ ကတ္တရာခင်းကျင်း ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ တိုင်းအင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်နှင့် တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ကျန်ရှိသည့် ၁ မိုင် ၅ ဖာလုံခွဲကို ကတ္တရာခင်းကျင်းခြင်းလုပ်ငန်း အမြန်ပြီးစီးအောင် အင်တိုက်အားတိုက် ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့သည်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မလစ်ကျေးရွာအနီးရှိ စပါးပန်းတိုင်အထွက်နှုန်း အထူးဇုန်ဧက ၅၀၀ တွင် စပါးမျိုးများ ပန်းတိုင်အထွက်နှုန်း ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၁၀-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၁၅** ၄။ လက်စွမ်းပြပြဟန်ဂီတသံ
- **၄:၂၅** ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၃၅** ၆။ မျိုးချစ်တပ်မတော်
- **၄:၄၅** ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၀၀** ၈။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် -The Study of Proposition II. (ပထမနှစ်-ဒဿနိကဗေဒ)**
- **၅:၄၀** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၂။ မိုးလေဝသသတင်း
- **၆:၂၅** ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကြော်ငြာချစ်သူ" (အပိုင်း-၂၈)**
- **၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ **(၁၃)ကြိမ်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဂုဏ်ပြုအစီအစဉ် - "မေတ္တာရွှေစောင်းအမွေကောင်း" သရုပ်ဆောင်-အကယ်ဒမီ သုမောင်၊ ဖိုးသောကြာ၊ ချောရတနာ၊ စိုးမိုးကြည်**
- ၁၈။ မေးမြန်းစူးစမ်း
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရေဆန်ဓား" (အပိုင်း-၁၄)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။



တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဝိဓူရဇာတ်တော်ကြီးပြိုင်ပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ မန္တလေးတိုင်း ငါးမည်ရတင်သိန်းဇာတ်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်မှုကို ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့်အဖွဲ့ဝင်များ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ဝိဓူရဇာတ်တော်ကြီး ပြိုင်ပွဲတတိယနေ့ ကျင်းပ မန္တလေးတိုင်း ငါးမည်ရတင်သိန်း ဇာတ်အဖွဲ့ ယှဉ်ပြိုင်

ရန်ကုန် အောက်တိုဘာ ၁၆

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဝိဓူရဇာတ်တော်ကြီး ပြိုင်ပွဲကို ယနေ့ည ၇နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ တတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ မန္တလေးတိုင်း ငါးမည်ရတင်သိန်းဇာတ်အဖွဲ့က ယှဉ်ပြိုင်တင်ဆက်သည်။

ယှဉ်ပြိုင်တင်ဆက်ပွဲသို့ တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယက အဖွဲ့ဝင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ အသီးသီးတို့မှ ကော်မတီဝင်များ၊ စာပေ၊ သဘင်၊ ဂီတပညာရှင်ကြီးများ၊ အနုသုခုမပညာကိုချစ်ခင်လေးစားမြတ်နိုးသော ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြပြီး ဇာတ်သဘင် အကဲဖြတ်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးချစ်ဦးညိုနှင့် အကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်အကဲဖြတ် အမှတ်ပေးကြသည်။

ယှဉ်ပြိုင်တင်ဆက်ပွဲတွင် ငါးမည်ရတင်သိန်းက ဝိဓူရ အမတ်အဖြစ်လည်းကောင်း၊ မြို့တော် ဦးတင်ဝမ်းက ပုဏ္ဏကနတ်ဘီလူးအဖြစ်လည်းကောင်း၊ ဒေါ်မဉ္ဇူသင်းက ဝိဓူရကတော် အနော်ဇာအဖြစ်လည်းကောင်း၊ ရတနာဦးတင်လင်းက ကောရဗျမင်းအဖြစ် လည်းကောင်း၊ ဒေါ်ထက်ထက်ထူးဝေက ဣရန္ဓတီ နဂါးမင်းသမီးအဖြစ်လည်းကောင်း၊ ပန်တျာ ဦးထွန်းထွန်းနိုင်က ဝရုဏနဂါးမင်းအဖြစ် လည်းကောင်း၊ ဒေါ်ပုလဲကြည်က ဝိမလာနဂါးဒေဝီအဖြစ်လည်းကောင်း၊ ဦးခင်မောင်သန်းက ဂဠုန်မင်းအဖြစ် လည်းကောင်း၊ ဦးဝင်းနိုင်က သိကြားမင်းအဖြစ်လည်းကောင်း၊ဦးသန်းအောင်(ပန်တျာ-မန်း) ရေးသားသည့် ဇာတ်ညွှန်းကို မန္တလေးစိန်သောင်းဆိုင်းအဖွဲ့နှင့် တွဲဖက်လျက် ဦးတည်ချက်နှင့် အနုစ်သာရ ပြည့်ဝစွာဖြင့် ဝိဓူရဇာတ်တော်ကြီးကို အနုပညာရသမြောက်စွာ ကပြယှဉ်ပြိုင်ကြသည်။

အောက်တိုဘာ ၁၇ ရက်တွင် ဝိဓူရဇာတ်တော်ကြီးပြိုင်ပွဲ ယှဉ်ပြိုင်ခြင်းကို တစ်ရက်နားပြီး အောက်တိုဘာ ၁၈ရက် ည ၇နာရီတွင် စတုတ္ထနေ့အဖြစ် ရန်ကုန်တိုင်း မောင်မိုးမင်းဇာတ်အဖွဲ့က ကပြယှဉ်ပြိုင် တင်ဆက်ကြမည်ဖြစ်သည်။ (သတင်းစဉ်)

ရွှေပြည်သာ စာသင်တိုက် ကထိန်သင်္ကန်း လှူဒါန်းမည်

ရန်ကုန် အောက်တိုဘာ ၁၆

ရန်ကုန် မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် (၆/၁၀) ရပ်ကွက် အမှတ် (၂) သံလွင်လမ်း ရွှေပြည်သာ ပရိယတ္တိစာသင်တိုက်ကြီး၌ သံဃာတော် ၉၅ပါး၊ ပင့်သံဃာတော်အပါး ၈၀၊ ဝိနယပါဠိပါရဂူ ဓမ္မာစရိယ ဂုဏ်ထူးတန်းအောင် အရှင်နယသာမိလင်္ကာရ အမှူးပြုသော ဓမ္မာစရိယ ပါဠိပထမပြန် စာမေးပွဲအောင် ၂၂ပါးတို့အား အလုံမြို့နယ် သစ်တောလမ်း အမှတ် (၆၅) နေ ဆရာမကြီး ဒေါ်စန်းစန်း၊ ဒေါ်ရင်ရင်၊ ဒေါ်သန်းသန်းဌေး မိသားစုတို့၏ မတည်လှူဒါန်းမှုဖြင့် ဒါယကာ၊ ဒါယိကာမများက စုပေါင်း၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်များဖြင့် အောက်တိုဘာ ၃၀ ရက်တွင် ဆက်ကပ်လှူဒါန်းပူဇော်ကြမည်ဖြစ်၍ တရားတော်နာ ကြွရောက်ကြည်ညိုပူဇော်ကြရန် ဖိတ်ကြားထားသည်။ (က-ပ)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ရတနာမြတ်သုံးပါးဂုဏ်တော်ဖွင့် သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၆

ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲက ကြီးမှူးကျင်းပသော ရတနာမြတ်သုံးပါးဂုဏ်တော်ဖွင့် သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဘဏ်လမ်းရှိ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ရုံး၌ ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေး တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယကများ၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။



အမှာစကားပြောကြား

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲက ကြီးမှူးကျင်းပသော ရတနာမြတ်သုံးပါး ဂုဏ်တော်ဖွင့် သင်တန်းဆင်းပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းသူများကိုယ်စား သာကေတမြို့နယ်မှ ဒေါ်အေးစံပယ်ထွေးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် နာယက ဒေါ်ခင်သက်ဌေးက လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေ သင်တန်းကျောင်း လေးထပ်ကျောင်းဆောင်သစ်အတွက် အလှူငွေ ကျပ် ၂၁၆၇၀၀နှင့် ရှင်သာမဏေဓမ္မ ဗိမာန်တော်ကြီး အမိုးပြုပြင်ရန်အတွက် အလှူငွေကျပ် ၂၁၆၇၀၀ စုစုပေါင်းအလှူငွေကျပ် ၄၃၃၄၀၀ကို တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၁၀ရက်မှ ၁၄ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ရန်ကုန်တိုင်းအတွင်းမှ အမျိုးသမီးရေးရာ အဖွဲ့ဝင် ၃၀၀ တက်ရောက်ခဲ့သည်။

(သတင်းစဉ်)

သဲအင်းဂူအဓိဋ္ဌာန် ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၁၆

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူ ဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ ဩဝါဒါစရိယ ပဓာန ကမ္မဋ္ဌာနာစရိယဆရာတော်ဘဒ္ဒန္တ မုနိန္ဒ ကျိုက်ဝိုင်းနှင့် တွံတေးမြို့ ကျွန်းတောရပ်ကွက် အမှတ် (၈) သဲအင်းဂူ ဝိပဿနာကျောင်း ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဝေပုလ္လ အရှင်သူမြတ်နှစ်ပါးတို့က အောက်တိုဘာ ၂၃ ရက်မှ ၃၀ရက်အထိ ခုနစ်ရက် အဓိဋ္ဌာန်စခန်း ဖွင့်လှစ်၍ သမထ ဝိပဿနာ တရားတော်များ ချီးမြှင့်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများသည် အောက်တိုဘာ ၂၂ ရက် (စနေနေ့) ညနေ ၅နာရီအရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့်အတူ လာရောက်စာရင်းသွင်းနိုင်ကြပြီး နေ့ဆွမ်း၊ အရုဏ်ဆွမ်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

စီးတီးအက်ဖ်အမ် အောင်လံဆုရိုးရာလက်ဝှေ့ယှဉ်ပြိုင် ရွှေဆိုင်းနှင့် လုံးချော အရှုံးအနိုင်မပေါ်

ရန်ကုန် အောက်တိုဘာ ၁၆

ဒုတိယအကြိမ် (City F.M) **အောင်လံလုပွဲ မြန်မာ့ရိုးရာလက်ဝှေ့ပွဲစဉ်များကို ယနေ့မွန်းလွဲ ၂နာရီက မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ** (M.C.C) **အဆောက်အအုံ၌ကျင်းပသည်။**

တစ်ပြည်လုံးမှအကောင်းဆုံး နာမည်ကြီးများကို တစ်တွဲစီ စုစည်းထားသော ရိုးရာလက်ဝှေ့သမားများကို အတွဲ ၁၀ တွဲ ဖွဲ့ကာ ယှဉ်ပြိုင်ထိုးသတ်စေသည်။

ပထမပွဲအဖြစ် ဝမ်းစတား(ဘားအံ) နှင့် သိုးကောင်း (မြန်မာပြည်သား)တို့ပွဲတွင် သရေကျသွားသည်။ ဒုတိယပွဲစဉ်အဖြစ် ရွှေဖလား (KLN) နှင့် စစ်သွေး (ဘိလပ် မြေစက်ရုံ) တို့ပွဲတွင် စစ်သွေးအနိုင်ရရှိသွားသည်။ စစ်သွေး၏ ခုန်ဟန်၊ ပုံဟန်ကို ကြိုက်နှစ်သက်ကြသော လက်ဝှေ့ပရိသတ်အားဖြင့် စစ်သွေးအကောင်းဆုံး အားကစားသမားဆု ရရှိသွားသည်။

ကျားဘငြိမ်းဆု သုံးသိန်းကိုလည်း စစ်သွေးပင်ရရှိသွားသည်။ ဒေါနအောင် (ဘားအံ)နှင့် ဝမ်ရှိ (KLN)တို့ပွဲတွင် ဒေါနအောင် အနိုင်ရရှိသွားသည်။ ရန်ကြီးအောင် (အလင်းရောင်)နှင့် အောင်ဇေယျ (ဘိလပ်မြေစက်ရုံ)တို့ပွဲမှာ ရန်ကြီးအောင် အနိုင်ရရှိသွားသည်။ စိန်သံမဏိ (အလင်းရောင်) နှင့် ဘိလပ်မြေစတား (မြိုင်ကလေး) တို့ပွဲတွင် ဘိလပ်မြေစတားက အနိုင်ရရှိသွားသည်။ ကျော်ဆန်း (KLN) နှင့် သတ္တိအောင် (ဘိလပ်မြေစက်ရုံ) တို့ပွဲမှာ သရေကျသွားသည်။ မြစည်ထက် (မြန်မာပြည်သား)နှင့် စောဇွဲလေး (KLN) တို့ပွဲတွင် စောဇွဲလေး အနိုင်ရရှိသွားသည်။ စောလူလေး(မြိုင်ကြီးငူ) နှင့် တာတိုးဝါး (ဘိလပ်မြေစက်ရုံ) တို့ပွဲမှာ တာတိုးဝါး အနိုင်ရရှိသည်။

စီးတီးအက်(ဖ်)အမ်မှ ယမန်နှစ်က ဆုရရှိသူ အေးဘိုစိန် (လယ်/ဆည်)နှင့် သူရရဲအောင် (မြန်မာပြည်သား)တို့ပွဲတွင် အလဲအကွဲထိုးကြပါသော်လည်း လက်ရည်မျှနေပြီး သရေကျသွားသည်။

အကောင်းဆုံးပွဲဟုခေါ်ရမည့် မြန်မာပြည်ချန်ပီယံ ရွှေဆိုင်းနှင့် စိန်ခေါ်သူ လုံးချော (ညောင်တုန်း) တို့ပွဲမှာ သရေသာ ဖြစ်သွားသည်။

လုံးချောက မိမိရှိသမျှ အားအင်ကုန်ခန်းအောင် ထိုးသွားပါသည်။ ရွှေဆိုင်းမှာ မေးကြောထိပြီး အကျောက်အကန် ပြန်လည်ထိုးသတ်ပါသည်။

စီးတီးအက်(ဖ်)အမ်မှ ဆုများကို မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ သီရိသုဓမ္မသီဂိ၊ သီဟသုဓမ္မသီဂိ လူမှုထူးချွန် (ပထမဆင့်) ဒေါ်မိမိခင်က ချီးမြှင့်သည်။ အကောင်းဆုံး အရှုံးသမားဆုကို မြစည်ထက်က ရရှိပြီး စီးတီးအက်(ဖ်)အမ်မှ ဦးလှမြင့်ဆွေက ချီးမြှင့်သည်။ ကျားဘငြိမ်းဆုကို ကျားဘငြိမ်း၏သားများ ဖြစ်ကြသော ဦးထွန်းအောင်၊ ဦးလှအောင်တို့က ချီးမြှင့်သည်။ (ကြေးမုံ)



ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ဝန်ထမ်းများအား ရုံးဝတ်စုံနှင့် ငွေကျပ်တစ်သောင်းစီ ထောက်ပံ့ပေးအပ်ပွဲကို အောက်တိုဘာ ၁၁ရက်က ရုံးခန်းမ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်း ပေးအပ်စဉ်။ (၆၁)

အီရတ်နိုင်ငံ ဖာလူဂျာမြို့တွင် လုံခြုံရေး စောင့်ကြပ်နေသော အမေရိကန် ဟမ်းဗီးယာဉ် တစ်စီးကို အောက်တိုဘာ ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အကြမ်းဖက်သမားများကို အမေရိကန်က ခိုလှုံခွင့်ပေးထား ကျူးဘားနိုင်ငံကို စီးပွားရေးပိတ်ဆို့မှု ဗင်နီဇွဲလား ဝေဖန်

ဆာလာမန်ကါ(စပိန်) အောက်တိုဘာ ၁၅

အမေရိကန်နိုင်ငံသည် အကြမ်းဖက်သမားများကို ခိုလှုံခွင့်ပေးထားသည့် နိုင်ငံဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က သောကြာနေ့တွင် ဝေဖန်ပြောကြားလိုက်သည်။ အီဘာရီယန်ကျွန်းဆွယ်ဒေသနိုင်ငံများနှင့် တောင်အမေရိကတိုက် နိုင်ငံများ၏ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် စပိန်နိုင်ငံ ဆာလာမန်ကါမြို့သို့ ရောက်ရှိနေသူ ချာဗက်ဇ်က ယင်းသို့ဝေဖန်ပြောကြားခြင်းဖြစ်သည်။

အီဘာရီယန် ကျွန်းဆွယ်ဒေသ နိုင်ငံများနှင့် တောင်အမေရိကတိုက် နိုင်ငံများ၏ ထိပ်သီးညီလာခံတွင် ကျူးဘားနိုင်ငံအပေါ် အမေရိကန်က စီးပွားရေးပိတ်ဆို့ထားမှုနှင့် ပတ်သက်၍ တက်ရောက်လာမည့် ခေါင်းဆောင်များက ပြင်းပြင်းထန်ထန် ဝေဖန်ကြမည်ဟု မျှော်လင့်ရသည်။ ကျူးဘားနိုင်ငံအပေါ် အမေရိကန်က ကုန်သွယ်ရေး ပိတ်ဆို့ထားမှု အဆုံးသတ်ရန် တောင်းဆိုသည့် ဆုံးဖြတ်ချက်တစ်ရပ်ကိုအဆိုပါထိပ်သီး ညီလာခံတွင် ချမှတ်ဖွယ်ရှိသည်။

ဝေဖန်ရှုတ်ချ

အမေရိကန်နိုင်ငံကို အမြဲတစေ ဝေဖန်လေ့ရှိသူ ကျူးဘားသမ္မတ ဖီဒယ်လ်ကက်စထရိုသည် အဆိုပါ ထိပ်သီးညီလာခံသို့ တက်ရောက်ခြင်း မရှိပေ။ သို့ရာတွင် ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က အမေရိကန်နိုင်ငံ၏ အရင်းရှင်စနစ်နှင့် အမေရိကန်အစိုးရ၏ မူဝါဒတို့နှင့် ပတ်သက်၍ ဝေဖန်ရှုတ်ချ ရန်ရှိနေသည်။

ခွင့်ပြုပေးထား

အမေရိကန်နိုင်ငံတွင် အကြမ်းဖက်မှု တိုက်ဖျက်နေသည်ဟု အမြဲတစေ ပြောကြားလေ့ရှိကြောင်း၊အကြမ်းဖက်သမားများအား ချေမှုန်းသည့် စစ်ပွဲအဖြစ် အီရတ်စစ်ပွဲကို ဆင်နွှဲရသည်ဟု အမေရိကန် အစိုးရက ဆင်ခြေပေးကာ ယင်းနိုင်ငံကို ကျူးကျော်တိုက်ခိုက်ခဲ့ကြောင်း၊ သို့ရာတွင် အမေရိကန်နိုင်ငံက ၎င်း၏ပိုင်နက် နယ်မြေပေါ်တွင် အကြမ်းဖက်သမား ခိုလှုံခွင့်ရရှိရန် ခွင့်ပြုပေးထားကြောင်း ချာဗက်ဇ်က ပြောကြားသည်။

လွှဲပြောင်းပေးအပ်

၁၉၇၆ ခုနှစ်က ကျူးဘားခရီးသည်တင် လေယာဉ်တစ်စင်းကို ဗုံးခွဲတိုက်ခိုက်ခဲ့မှုဖြင့် စီအိုင်အေ ထောက်လှမ်းရေးအဖွဲ့ဝင်ဟောင်းတစ်ဦးအား လွှဲပြောင်းပေးအပ်ရန် ဗင်နီဇွဲလားနိုင်ငံ၏ တောင်းဆိုချက်ကို ရည်ညွှန်းလျက် သမ္မတချာဗက်ဇ်က ယင်းသို့ပြောကြားခြင်းဖြစ်သည်။

စီအိုင်အေ ထောက်လှမ်းရေးအဖွဲ့ဝင်ဟောင်း ပိုဆာဒါအား အမေရိကန်က လွှဲပြောင်းပေးအပ်ရန်အတွက်တောင်းဆိုချက်ကို ထောက်ခံသည့် ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်ကို ကျူးဘားနိုင်ငံက ယခုကျင်းပသည့်ထိပ်သီးညီလာခံမတိုင်မီတွင် တင်သွင်းခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်အရပ်သားများအား စားနပ်ရိက္ခာဖြတ်တောက်ခြင်းဖြင့် ကန်နှင့် အပေါင်းပါတပ်ဖွဲ့ နိုင်ငံတကာဥပဒေကို ချိုးဖောက်နေဟုဆို

နယူးယောက် အောက်တိုဘာ ၁၅

အီရတ်နိုင်ငံရောက် အမေရိကန်နှင့် ဗြိတိသျှတပ်ဖွဲ့များသည် လွန်ခဲ့သည့်နှစ်က ဝန်းပတ်ပိတ်ဆို့ခံထားရသော အီရတ်မြို့ကြီးများတွင်နေထိုင်သည့် အရပ်သားများအား စားနပ်ရိက္ခာနှင့် သောက်သုံးရေဖြတ်တောက်ခြင်းဖြင့် နိုင်ငံတကာဥပဒေကို ချိုးဖောက်ခဲ့ကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ စုံစမ်းစစ်ဆေးရေးမှူးတစ်ဦးက စနေနေ့တွင် ဝေဖန်ပြောကြားလိုက်သည်။

သို့ရာတွင် အမေရိကန်စစ်ဘက်ကမူ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ စုံစမ်းစစ်ဆေးရေးမှူးဂျင်းဇီဂလာ၏အထက်ပါအတိုင်းပြောကြားချက်မှာ မှန်ကန်ခြင်းမရှိကြောင်းငြင်းဆိုသည်။

ဝန်းပတ်ပိတ်ဆို့ခံရသော အီရတ်မြို့ကြီးများတွင် တိုက်ပွဲဖြစ်ပွားချိန်၌ စားနပ်ရိက္ခာများ ပြတ်လပ်လေ့ရှိသော်လည်း အမေရိကန်တပ်ဖွဲ့ဝင်များသည် အရပ်သားများထံသို့ စားနပ်ရိက္ခာများ မရောက်ရှိအောင် တမင်တကာ တားဆီးပိတ်ပင်မှုပြုလုပ်ခြင်းမရှိကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဂျီနီဗာကွန်ဗင်းရှင်းအရစစ်မက်ဖြစ်ပွားချိန်တွင် အရပ်သားများအား စားနပ်ရိက္ခာဖြတ်တောက်သည့်နည်းလမ်းကို နည်းဗျူဟာတစ်ရပ်အဖြစ် မကျင့်သုံးရန် တပ်ဖွဲ့အား တားမြစ်ပိတ်ပင်ထားကြောင်း ဆွစ်ဇာလန်လူမျိုး လူမှုရေးဗေဒ ပါမောက္ခဟောင်း ဂျင်းဇီဂလာက ပြောကြားသည်။

လွန်ခဲ့သည့်နှစ်က အီရတ်နိုင်ငံ ဖာလူဂျာ၊ တယ်လ်နာဖာနှင့် ဆမ်မာရာမြို့တို့တွင် တိုက်ပွဲများ ဖြစ်ပွားခဲ့ချိန်က အီရတ်နှင့် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များသည် ဝန်းပတ်ပိတ်ဆို့ခံထားရသော မြို့ကြီးများတွင် နေထိုင်သည့် အရပ်သားများငင်းတို့၏မြို့မှ ထွက်ပြေးစေရန် ရည်ရွယ်၍ စားနပ်ရိက္ခာနှင့် ရေတို့ကိုကန့်သတ်ပိတ်ပင်မှုများ ပြုလုပ်ခဲ့ကြောင်းဂျင်းဇီဂလာကပြောကြားသည်။

ဖြတ်တောက်မှုများပြုလုပ်

အီရတ်နိုင်ငံကို သိမ်းပိုက်ထားသော အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် စစ်ပွဲ၏ နည်းဗျူဟာတစ်ရပ်အဖြစ် အရပ်သားများကို စားနပ်ရိက္ခာဖြတ်တောက်မှုများ ပြုလုပ်ခဲ့သော်လည်း ယင်းကိစ္စကို အီရတ်၌ တင်ပြတိုင်တန်းခွင့်မရဘဲဖြစ်နေကြောင်း ဂျီနီဗာ၌ပြုလုပ်သောသတင်းစာရှင်းလင်းပွဲတွင် ဇီဂလာက ပြောကြားသည်။

၁၉၄၉ ခုနှစ် ဂျီနီဗာကွန်ဗင်းရှင်းအတွက် ဖြည့်စွက်သည့် ၁၉၇၇ ခုနှစ် သဘောတူချက်နှစ်ရပ်တွင် စစ်၏ လက်နက်အဖြစ် အရပ်သူ၊ အရပ်သားများအား စားနပ်ရိက္ခာနှင့် သောက်သုံးရေဖြတ်တောက်ခြင်း မပြုလုပ်ရန် တားမြစ် ပိတ်ပင်ထားသည်။

အင်တာနက်။

ဗြိတိန်က ကန် ဟာရီကိန်း ဒုက္ခသည်များအတွက် ရိက္ခာလှူ အမဲသားပါနေ၍ ကန်က ဖြန့်ဝေခြင်းမပြုဘဲ ပိတ်ပင်ထား

ဝါရှင်တန် အောက်တိုဘာ ၁၅

အမေရိကန်ရှိ ကက်ထရီနာ ဟာရီကိန်းမုန်တိုင်းဒဏ်ခံရသူများ စားသုံးရန်အတွက် ဗြိတိန်နိုင်ငံက အသင့်စားသုံးနိုင်သော ရိက္ခာထုပ် ၃၃၀၀၀၀ ပေးလှူခဲ့သည်တွင် ရိက္ခာထုပ်များ၌ ဗြိတိန်အမဲသားများ ပါဝင်နေသောကြောင့် ကန်အာဏာပိုင်တို့က ဒုက္ခသည်များထံ ဖြန့်ဝေခြင်းမပြုဘဲ ပိတ်ပင်ထားလိုက်သည်ဟု သတင်းများကဆိုသည်။

ပိတ်ပင်ထား

ဗြိတိန်တို့ ပေးလှူသော အသင့်စားနိုင်သော ရိက္ခာထုပ်များမှာ ယခုအခါ အမေရိကန်နိုင်ငံ အာကင်ဆောပြည်နယ် လစ်တီးလ်ရောက်ရှိ ကုန်လှောင်ရုံတစ်ခုအတွင်း စုပုံရောက်ရှိနေပြီ ဖြစ်ကြောင်း ကန်နိုင်ငံခြားရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အက်ဒမ်အီရီလီက ပြောကြားသည်။ ရိက္ခာထုပ်များတွင် ဗြိတိန်နိုင်ငံမှထွက်ရှိသော အမဲသားများ ပါဝင်နေသည့်အတွက် မဖြန့်ဝေဘဲ ပိတ်ပင်ထားခြင်းဖြစ်ကြောင်း သိရသည်။

အကြောင်းပြု

အမေရိကန်တို့က ဗြိတိသျှမှ တင်သွင်းသော အမဲသားများကို ဝယ်ယူတင်သွင်းခွင့်မပြုဘဲ ပိတ်ပင်ထားသည်။ ထိုသို့ပြုလုပ်ခြင်းမှာ အင်္ဂလိပ်နွားများတွင် နွားရူးရောဂါဖြစ်ပွားခဲ့သည်ကို အကြောင်းပြု၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ နွားရူးရောဂါသည် ထိုသတ္တဝါ၏ ဗဟိုအာရုံကြော အဖွဲ့အစည်းကို ဆိုးရွားစွာ ပျက်စီးစေသောရောဂါမျိုးဖြစ်သည်။

ဗြိတိန်က ပေးလှူသော ရိက္ခာထုပ်များကိုသာမက ဂျာမနီ၊ ရုရှား၊ စပိန်နှင့် ပြင်သစ်နိုင်ငံတို့မှ ပေးပို့သော အခြားရိက္ခာထုပ် ၃၃၀၀၀၀ တို့ကိုလည်း ဟာရီကိန်းမုန်တိုင်းဒဏ်ခံ ဒုက္ခသည်များထံ ပေးဝေခြင်းမပြုဘဲ ကန်အာဏာပိုင်များက သိမ်းထားသည်ဟု အီရီလီက ဆက်လက်ပြောကြားသည်။ ထိုပစ္စည်းများကို အဘယ်ကြောင့် ဖြန့်ဝေခြင်းမပြုရသည်ဆိုသောအချက်ကိုမူ ၎င်းက ရှင်းလင်းဖော်ပြခဲ့ခြင်း မရှိကြောင်းသိရသည်။

ဝေဖန်ပြစ်တင်

ဟာရီကိန်း ဒုက္ခသည်များ ကယ်ဆယ်ရေးကိစ္စကို ဆောင်ရွက်ရာ၌ ကန်အစိုးရဌာနများတွင် ဗျူရိုကရေစီကျင့်သုံးခြင်း၊ လုပ်ကိုင်မှု နှေးကွေးခြင်းနှင့် ထိရောက်စွာ ဆောင်ရွက်နိုင်မှု မရှိခြင်း စသည့် အားနည်းချက်များဖြင့် ပြည့်နှက်နေသည်ဟု ဝေဖန်ပြစ်တင်သံများ ထွက်ပေါ်လျက်ရှိသည်။

အလှူရှင်နိုင်ငံများက ပေးပို့ထားသော ရိက္ခာထုပ်များကို ပစ်ပယ်လိုက်ပါက အလှူရှင်များကို မလေးမစား လုပ်သကဲ့သို့ ဖြစ်နိုင်သည်။ သို့ဖြစ်၍ ထိုရိက္ခာထုပ်များကို အကူအညီလိုအပ်နေသည့် အခြားဒုက္ခသည်များကို ရှာဖွေကာ ပြန်လည်ပေးကမ်းသွားရန် အာသီသပြင်းပြလျက် ရှိသည်ဟု အီရီလီက ပြောကြားသည်။ ထို့အပြင် ယင်းရိက္ခာထုပ်များသည် မည်သည့်အချိန်တွင် စားသုံးရန်သင့်သည်၊ သက်တမ်းကုန်ဆုံးသည်ဆိုသော နေ့စွဲကိုလည်း မိမိမသိပါဟု ဖြည့်စွက်ပြောကြားသွားသေးသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်တွင် ရရှိခဲ့သော ဒဏ်ရာဒဏ်ချက်ဖြင့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဝါရှင်တန် အောက်တိုဘာ ၁၅

အမေရိကန်နိုင်ငံ အာရီဇိုးနားပြည်နယ် တက်ဆန်မြို့မှ အမေရိကန် မရိန်းတပ်ဖွဲ့ဝင် တစ်ဦးသည် အီရတ်နိုင်ငံ၌ လွန်ခဲ့သည့်သုံးလက ရရှိခဲ့သော ဒဏ်ရာဖြင့် ဗုဒ္ဓဟူးနေ့တွင် သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က သောကြာနေ့တွင် ပြောကြားသည်။

အမေရိကန်တွင် မရိန်းတပ်ဖွဲ့မှ တပ်ကြပ်ကြီး ကင်းနက်အီဟန့်ဂျူနီယာ (၄၀)နှစ်သည် တက္ကဆက်ပြည်နယ် ဆန်အန်တိုနီယိုမြို့ရှိ ကြည်းတပ်ဆေးဘက် ဗဟိုဌာန၏ ဆေးရုံတွင် သေဆုံးသွားသည်။

တပ်ကြပ်ကြီး ဟန့်သည် အီရတ်နိုင်ငံ အယ်လ်တာကာဒမ်မြို့တွင် ခုခံတိုက်ခိုက်ရေးသမားများအား ချေမှုန်းသည့် စစ်ဆင်ရေးလုပ်ငန်းတစ်ရပ်တွင် ပါဝင်ခဲ့ပြီး ၎င်းလိုက်ပါလာသည့် သံချပ်ကာယာဉ်သည် ဇူလိုင် ၂၄ ရက်က မိုင်းဗုံးနင်းမိရာမှ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တပ်ကြပ်ကြီး ဟန့်သည် မိုင်းဗုံးပေါက်ကွဲမှုကြောင့် ၎င်း၏ကိုယ်ခန္ဓာ ၆၀ ရာခိုင်နှုန်းတွင် မီးလောင်ဒဏ်ရာရရှိခဲ့သည်။ ၎င်းသည် အီရတ်နိုင်ငံတွင် သေဆုံးသည့် အာရီဇိုးနားပြည်နယ်မှ တပ်ဖွဲ့ဝင်များအနက် ၅၇ ဦးမြောက် တပ်ဖွဲ့ဝင်ဖြစ်သည်။ အာရီဇိုးနားပြည်နယ်မှ တပ်ဖွဲ့ဝင်ငါးဦးသည် အာဖဂန်နစ္စတန်နိုင်ငံတွင် သေဆုံးခဲ့ရသည်။

အင်တာနက်။

အီရတ်နိုင်ငံတွင် လုံခြုံရေးဆောင်ရွက်နေကြသည့် အပေါင်းပါ တပ်ဖွဲ့ဝင်များကို အောက်တိုဘာ ၁၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဗီယက်နမ် ပို့ကုန်တန်ဖိုး မြှင့်တင်ရန် စီစဉ်ဆောင်ရွက် ယခုနှစ်၌ ဒေါ်လာ ၃၁ ဒသမ ၈ ဘီလီယံဖိုး တင်ပို့မည်မျှော်မှန်း

ဟန္နိုင်း အောက်တိုဘာ ၁၅

ဗီယက်နမ်နိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၈ ဘီလီယံ မျှော်မှန်းထားရာမှ ၂၀၀၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၃ ဘီလီယံမှ ၃၇ ဒသမ ၅ ဘီလီယံအထိ ရရှိရန် စီစဉ်ဆောင်ရွက်ထားကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနက သောကြာနေ့တွင် ကြေညာသည်။

နိုင်ငံအနေဖြင့် ဆန်၊ ပင်လယ်ထွက်အစားအစာ၊ ရေနံစိမ်း၊ ကျောက်မီးသွေး၊ အဝတ်အထည်နှင့် အထည်အလိပ်၊ ဖိနပ်အမျိုးမျိုး၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ သစ်သားထည် ပစ္စည်းများနှင့် လျှပ်စစ်ဝါယာကြိုးများ တင်ပို့မှု မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိသည်။

တရုတ်၊ ဂျပန်၊ အမေရိကန်နှင့် ဥရောပသမဂ္ဂ ဈေးကွက်များသို့ ကုန်ပစ္စည်းများ တင်ပို့မှုမြှင့်တင်မည်ဖြစ်ပြီး အာဖရိကနှင့် လက်တင်အမေရိကတွင် ဈေးကွက်သစ်များ ရှာဖွေကာ ကုန်ပစ္စည်းများ တင်ပို့မည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည် ယမန်နှစ်က ပို့ကုန်တန်ဖိုး ၂၈ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာပြီး အမေရိကန် ဒေါ်လာ ၂၆ ဘီလီယံအထိ ရရှိခဲ့သည်။ ယခုနှစ် ပထမ ကိုးလတာကာလတွင် အမေရိကန် ဒေါ်လာ ၂၃ ဒသမ ၅ ဘီလီယံနီးပါးရရှိခဲ့ပြီး နှစ်အလိုက် တိုးတက်နှုန်းမှာ ၂၁ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း ဗဟိုစာရင်းရုံးက ထုတ်ပြန်ကြေညာသည်။

ရေနံစိမ်း၊ အဝတ်အထည်နှင့် အထည်အလိပ်၊ ဖိနပ်အမျိုးမျိုး၊ ပင်လယ်ထွက်အစားအစာနှင့် သစ်သားထည်ပစ္စည်းများ တင်ပို့မှုမှရရှိသော ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံ၊ ၃ ဒသမ ၅ ဘီလီယံ၊ ၂ ဒသမ ၂ ဘီလီယံ၊ ၁ ဒသမ ၉ ဘီလီယံနှင့် ၁ ဒသမ ၁ ဘီလီယံ အသီးသီးရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

သူပုန်တို့ဝှက်ထားသော ဖောက်ခွဲရေးပစ္စည်းများ ဖိလစ်ပိုင်တပ်ဖွဲ့ ရှာဖွေတွေ့ရှိ

မနီလာ အောက်တိုဘာ ၁၅

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းဒေသတွင် အင်ပီအေသူပုန်တပ်ဖွဲ့များ ဝှက်ထားခဲ့သည့် ပေါက်ကွဲစေတတ်သော ဓာတုပစ္စည်း ကီလိုဂရမ် ၁၀၀ ခန့်ကို ရှာဖွေတွေ့ရှိထားကြောင်း စစ်ဘက်ဆိုင်ရာများက သောကြာနေ့တွင် ထုတ်ဖော်ပြောကြားသည်။

ပေါက်ကွဲစေတတ်သော အနက်ရောင် ဓာတုဗေဒပစ္စည်း အလုံးကလေးများကို ဘူးနှစ်ခုအတွင်းတွင် သိမ်းဆည်းထားသည်ကို ရာဇာလ်ပြည်နယ်၏ တာနေးမြို့ရှိ အိမ်တစ်အိမ်မှရရှိခဲ့ခြင်းဖြစ်သည်။ ထိုပစ္စည်းများကို ဖော်ထုတ်ဖမ်းဆီးရာ၌ စစ်ဘက်ထောက်လှမ်းရေးများ၊ ဖောက်ခွဲရေးပစ္စည်း ကျွမ်းကျင်သူများ ပူးပေါင်းပါဝင်ခဲ့ကြကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူး ဘာတိုလာမီဘာကာရီက ပြောကြားသည်။ သူပုန်များသည် အဆိုပါ ပစ္စည်းများကို မည်သည့်ကိစ္စတွင် သုံးစွဲရန် ရည်ရွယ်ထားသည်ဆိုသော အချက်ကိုမူ ၎င်းကရှင်းလင်း ပြောကြားခဲ့ခြင်းမရှိကြောင်း သိရသည်။ အင်ပီအေသူပုန်များသည် ဖိလစ်ပိုင်တပ်ဖွဲ့များကို ချုံခိုတိုက်ခိုက်ရာ၌လည်းကောင်း၊ စစ်ဘက်ဆိုင်ရာ အဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးရန်လည်းကောင်း သုံးစွဲကြကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ဖိလစ်ပိုင် စစ်ဘက်တပ်ဖွဲ့များနှင့် သူပုန်တို့ နားလည်မှုပျက်ပြားသွားပြီးနောက်ပိုင်းတွင် အင်ပီအေသူပုန်များ၏ တိုက်ခိုက်မှု အရှိန်အဟုန်တိုးမြင့်လာသည်။

အမ်အင်အေ၊ဆင်ဟွာ။



ဂင်္ဂါမြစ်အတွင်း မော်တော်ဘုတ်နစ်မြုပ် ၂၇ ဦးထက်မနည်းသေဆုံး

လပ်ခနောင်း အောက်တိုဘာ ၁၆

အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ ဂင်္ဂါမြစ်အတွင်း မော်တော်ဘုတ်နစ်မြုပ်သည့်ဖြစ်ရပ်ဖြစ်ပွားခဲ့ရာ ၂၇ ဦးထက်မနည်းသေဆုံးပြီး ၁၃ ဦးပျောက်ဆုံးလျက်ရှိကြောင်း အာဏာပိုင်များက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဥတ္တရပရာဒေ့ရှ်ပြည်နယ်ရှိ ဘယ်လီယာခရိုင်တွင် အဆိုပါ မော်တော်ဘုတ်နစ်မြုပ်မှု စနေနေ့က ဖြစ်ပွားခဲ့သည်။

ခရီးသည်များ အပြည့်အသိပ်လိုက်ပါလာသော မော်တော်ဘုတ်ပေါ်တွင် လူပေါင်း ၇၀ကျော်ပါရှိကြောင်း၊ မော်တော်ဘုတ် အတွင်းသို့ ရေစတင်ဝင်ရောက်ချိန်တွင် ခရီးသည်များ ကြောက်အားလန့်အားဖြင့် ရေထဲသို့ ခုန်ချခဲ့ကြကြောင်း၊ ခရီးသည်များမှာ အလန့်တကြား လှုပ်ရှားမှုများကြောင့် မော်တော်ဘုတ်တိမ်းမှောက်နစ်မြုပ်သွားကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး အနီးလ်ကူးမားက ပြောကြားသည်။

ခရီးသည် ၃၂ ဦးမှာ ရေကူးခတ်ကာ အသက်ချမ်းသာခွင့် ရရှိသွားကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။



တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ဆင်ခြေဖုံးရှိ ဘေးမဲ့တောတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေကြသည့် ကျန်းမာရေးဝန်ထမ်းများကို အောက်တိုဘာ ၁၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ငလျင်ဘေးဒဏ်ခံဒေသများသို့ ကယ်ဆယ်ရေးပစ္စည်းပို့မှု ရာသီဥတုဆိုးရွားခြင်းကြောင့် နှောင့်နှေးကြန့်ကြာနေရ

အစ္စလမ္မာဘတ် အောက်တိုဘာ ၁၅

ပါကစ္စတန် အုပ်ချုပ်သော ကက်ရှ်မီးယားဒေသတွင် မြေငလျင်ဘေးဒုက္ခများကို ခံစားနေရသည့် သန်းပေါင်းများစွာသော ပြည်သူများအတွက် အရေးပေါ်ကယ်ဆယ်ရေး ပစ္စည်းများပေးပို့နိုင်ရန် ကြိုးပမ်းလျက်ရှိကြသော်လည်း ရာသီဥတုဆိုးရွားမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုများနှင့် တွေ့ကြုံနေရကြောင်း ပါကစ္စတန်မိုးလေဝသရုံးမှ တာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

ပါကစ္စတန်အုပ်ချုပ်သော ကက်ရှ်မီးယားဒေသ၏ မြေငလျင်ဘေးဒဏ်ခံဒေသများတွင် လာမည့် ၄၈ နာရီအတွင်း မိုးကြိုးမုန်တိုင်း တိုက်ခတ်မှုနှင့် မိုးရွာသွန်းမှုများရှိနိုင်ကြောင်း၊ ဖော်ပြပါရာသီဥတု အခြေအနေကို လွန်မြောက်ပြီးသည့်အခါတွင်လည်း အအေးလှိုင်းကျရောက်မှု ပေါ်ပေါက်ဖွယ်ရှိကြောင်း၊ ရာသီဥတုဆိုးရွားပါက မြေငလျင်ကယ်ဆယ်ရေးလုပ်ငန်းများ ထိခိုက်ရနိုင်ကြောင်း မိုးလေဝသရုံးက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံတွင် သောကြာနေ့ နှောင်းပိုင်းမှစ၍ အနောက်ဘက်လေ တိုက်ခတ်မှုများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ အနောက်ဘက်လေ တိုက်ခတ်မှုကြောင့် အထူးသဖြင့် မြေငလျင်ဘေးဒဏ်ခံ ဒေသများ၌ မိုးကြိုးမုန်တိုင်း ကျရောက်ခြင်း၊ မိုးရွာသွန်းခြင်းတို့ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသ အရာရှိတစ်ဦးက ပြောကြားသည်။

ဆိုင်းငံ့ထား

ပါကစ္စတန်အုပ်ချုပ်သော ကက်ရှ်မီးယားဒေသနှင့် အနောက်မြောက် နယ်ခြားပြည်နယ်တို့ရှိ မြေငလျင်ဒဏ်ခံဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် မိုးသီးကြွေမှုများ ဖြစ်ပေါ်ခဲ့ရာ ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့သည့် လေယာဉ်များ၏ ခရီးစဉ်များကို ဆိုင်းငံ့ထားခဲ့ရသည်။

ကက်ရှ်မီးယားဒေသတွင်မိုးဆက်လက်ရွာသွန်းနိုင်သဖြင့် အရေးပေါ်ပစ္စည်းများပေးပို့ရန် ကြိုးပမ်းမှုများ နှောင့်နှေးကြန့်ကြာရကြောင်း၊ ကက်ရှ်မီးယားဒေသတွင် ပြင်းထန်သည့် ဆောင်းဥတု မကျရောက်မီ ကယ်ဆယ်ရေးပစ္စည်းများကို အချိန်မီပေးပို့ရန် လိုအပ်သည်ဟု ကုလသမဂ္ဂက ပြောကြားသော်လည်း ရာသီဥတုအခြေအနေ ဆိုးရွားမှုဖြစ်ပေါ်လျက်ရှိကြောင်း မိုးလေဝသ အရာရှိက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ပါကစ္စတန်ငလျင်ကြောင့် အီတလီသံတမန်သေဆုံး ရုပ်ကြွင်းကို ဆိုင်ရာသံရုံးသို့လွှဲပေး

အစ္စလမ္မာဘတ် အောက်တိုဘာ ၁၅

ငလျင်ဒဏ်ကြောင့် ပြိုကျသွားသော ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့တော်ရှိ မာဂါလာအထပ်မြင့် အဆောက်အအုံအပြိုအပျက်များအောက်မှ အီတလီနိုင်ငံ အထက်တန်းသံတမန်တစ်ဦး၏ ရုပ်အလောင်းကို ဗုဒ္ဓဟူးနေ့က တွေ့ရှိခဲ့သည့်သတင်းကို သောကြာနေ့ထုတ် နယူးစ်သတင်းစာက ဖော်ပြခဲ့သည်။

ထိုသံတမန်မှာ အသက် ၄၅ နှစ်အရွယ်ရှိ အီတလီသံရုံးမှ ပထမအတွင်းဝန် အယ်လ်ဘာ တိုဘိုနာနီဆိုသူဖြစ်သည်။ ၎င်းသည် အစ္စလမ္မာဘတ်မြို့၌ နေထိုင်လာသည်မှာ တစ်နှစ်မျှရှိပြီဖြစ်သည်။ ရုပ်အလောင်းကို သက်ဆိုင်ရာသံရုံးသို့ လွှဲပြောင်းပေးမည်ဖြစ်ပြီး ထိုမှ အီတလီနိုင်ငံသို့ ပြန်လည်သယ်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။

၎င်းသံတမန် သေဆုံးသွားရခြင်းမှာ နှလုံးရောဂါကြောင့်ဖြစ်သည်ဟု ပါကစ္စတန်ဆေးပညာသိပ္ပံမှ ဒေါက်တာ ဂါဆမ်ဘာဝါဂျီကပြောကြားသည်။ ထိုရုပ်အလောင်းမှာ အယ်လ်ဘာတို ရုပ်အလောင်းဖြစ်ကြောင်း သံရုံးမှသက်ဆိုင်ရာများက အတည်ပြုခဲ့ပြီးနောက် ဆေးပညာသိပ္ပံက ၎င်းအတွက် သေစာရင်းကို ထုတ်ပေးခဲ့သည်။

ပါကစ္စတန်တွင် လှုပ်သွားခဲ့သော ၇ ဒသမ ၆ အဆင့် ပြင်းအားရှိသည့် ငလျင်ဒဏ်ကြောင့် လူပေါင်း၃၀၀၀၀ ကျော် အသက်ဆုံးရှုံးကြောင်း သိရပြီဖြစ်သည်။ အယ်လ်ဘာတိုမှာ ထိုငလျင်ကြောင့် သေဆုံးရသော ပထမဦးဆုံးသော သံတမန်တစ်ဦးပင်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပီရူးတောင်ပိုင်းတွင် မြေပြိုမှုဖြစ်ပွား ကမ္ဘာလှည့်ခရီးသွားများ ခရီးမဆက်နိုင်ဘဲပိတ်မိ

လီမာ(ပီရူး) အောက်တိုဘာ ၁၅

ပီရူးနိုင်ငံတောင်ပိုင်း အင်ဒီးစ် တောင်တန်းဒေသရှိ မာချူးပီချူးအရပ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေစိုင်မြေခဲများနှင့် ကျောက်တုံးကျောက်ခဲများပြိုကျကာ ရထားလမ်း ပိတ်ဆို့သွားသည့်အတွက် ခရီးမဆက်နိုင်တော့ဘဲ ကမ္ဘာလှည့်ခရီးသည် ၃၂၀၀ တို့မှာ ပိတ်မိနေရသည်ဟု မီးရထားဌာနကပြောကြားသည်။

ပိတ်မိနေသော ကမ္ဘာလှည့်များတွင် မည်သည့်နိုင်ငံသားများ ပါဝင်သည်ဆိုသောသတင်းကို ချက်ချင်းမရရှိနိုင်သေးသော်လည်း ထိုခရီးသည်များ ထိခိုက်ဒဏ်ရာရမှုမရှိဟု ယူဆရကြောင်း ပီရူးမီးရထားဌာနမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ဂျိုအန်နာဘိုယန်က ဆိုသည်။

ရထားလမ်းပိတ်ဆို့မှုကို အမြန်ဆုံးရှင်းလင်းရန် ပီရူးမီးရထားဌာနက ကြိုးစားလျက်ရှိပြီး ကမ္ဘာလှည့်ခရီးသွားများကို နီးစပ်ရာမြို့သို့ သယ်ပို့ပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

စက်တင်ဘာလမှ ဖေဖော်ဝါရီလအတွင်းကျရောက်လေ့ရှိသော ပီရူးနိုင်ငံ၏ မိုးရာသီကာလတွင် မြေပြိုသည့် အဖြစ်များမှာ ထိုနိုင်ငံအတွက် ဖြစ်ရိုးဖြစ်စဉ်ကိစ္စများ ဖြစ်နေသည်။

ယမန်နှစ် ဧပြီလအတွင်းက မာချူးပီချူးကျေးရွာတွင် မိုးသည်းထန်ပြီး မြေပြိုမှုများ ဖြစ်ပွားခဲ့သဖြင့် လူခြောက်ဦး အသက်ဆုံးရှုံးခဲ့ရသည်။ အဆိုပါဒေသသို့ နှစ်စဉ်ကမ္ဘာလှည့်ခရီးသည် ပေါင်း ၅၀၀၀၀၀ ခန့် လာရောက်လည်ပတ်လေ့ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

မော်တော်ယာဉ် မတော်တဆမှုကြောင့် ကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဝါရှင်တန် အောက်တိုဘာ ၁၅

အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦးသည် အီရတ်နိုင်ငံတွင် ဖြစ်ပွားသော မော်တော်ယာဉ် မတော်တဆမှုဖြင့် သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က စနေနေ့တွင် ပြောကြားသည်။

အီရတ်တွင် သေဆုံးသွားသော အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးမှာ တပ်ကြပ်ကြီးများ ဖြစ်ကြသည့် ဒေါ်နယ်လ်ဖားမန်းနှင့် လော်ရင်ဇိုတို့ဖြစ်ကြကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တပ်ကြပ်ကြီး ဖားမန်းသည် အသက် (၃၀) ရှိပြီး ကာရိုလိုင်းနားပြည်နယ်တောင်ပိုင်း၊ ဘာတန်မြို့တွင် နေထိုင်ပြီး လော်ရင်ဇိုမှာမူ အသက် (၂၆) နှစ်ရှိကာ တက္ကဆက်ပြည်နယ် အယ်လ်ပါဆိုမြို့မှဖြစ်သည်။ အဆိုပါ တပ်ဖွဲ့ဝင်နှစ်ဦးသည် အမှတ်-၅၄၁ ပြုပြင်ထိန်းသိမ်းရေးတပ်ရင်းအောက်ရှိ အမှတ်-၂၄ သယ်ယူပို့ဆောင်ရေးဌာနတွင် တာဝန်ထမ်းဆောင်နေကြသူများ ဖြစ်သည်။

အင်တာနက်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရန်ပူရဲခရိုင် ဘာဒါဂန်မြို့တွင် ရေလွှမ်းမိုးမှုကြောင့် ပျက်စီးသွားသောနေအိမ်အားပြန်လည်ပြုပြင်နေသည့် မိသားစုတစ်စုကို အောက်တိုဘာ ၁၄ ရက်ကတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

သီတင်းကျွတ်လ အဘိဓမ္မာ အခါသမယ

ဦးကျော်စိန် (မန္တလေး)

သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားရှင်သည် အဘိဓမ္မာတရားတော်ကို မဟာသက္ကရာဇ် ၁၀၉ ခုနှစ်တွင် တာဝတိံသာနတ်ပြည်၌ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို ကျေးဇူးဆပ်လိုသော ရည်ရွယ်ချက်ဖြင့် နတ်ဗြဟ္မာအပေါင်းတို့အား ဟောကြားတော်မူခဲ့ပါသည်။ မြတ်စွာဘုရားသခင်သည် အဘိဓမ္မာခုနစ်ကျမ်းကို ဟောတော်မူပြီးနောက် သီတင်းကျွတ်လပြည့်နေ့တွင် တာဝတိံသာ၌ ပဝါရဏာပြု၍ လူ့ပြည်သို့ သက်ဆင်းတော်မူပါသည်။ မြတ်စွာဘုရား ဆင်းသက်ကြွမြန်းလာသည်ကိုရည်၍ ဘုရားရှင်အားပူဇော်သည့်အနေဖြင့် ထိုနေ့တွင် မီးများထွန်းကာ မြင်းမိုရ်ပွဲဆင်ယင်ကျင်းပကြပြီး **"အဘိဓမ္မာအခါတော်နေ့"** ဟု သတ်မှတ်၍ အဘိဓမ္မာပူဇော်ပွဲကျင်းပကြသည်။

သီတင်းကျွတ်လပြည့်နေ့သည် ဝါတွင်းသုံးလ၏ နောက်ဆုံးနေ့ဖြစ်သဖြင့် ဝါဆိုတော်မူကြကုန်သော သံဃာတော်အရှင်မြတ်တို့ လွတ်လွတ်ကျွတ်ကျွတ် သွားလာသီတင်းသုံးနိုင်သည့် အခွင့်အရေးကို ရရှိကြလေသည်။ ဤနေ့အထိဝါဆိုကြသည့် သံဃာတော်များသည် အလွန်မြတ်သော ကထိန်အလှူကို ခံယူထိုက်သောအခွင့်အရေးကို ရရှိကြသည်။

သီတင်းကျွတ်လပြည့်နေ့သည် ရဟန်းတော်များ ဝါမှထသောနေ့၊ ပဝါရဏာပြုကြသောနေ့၊ မြတ်စွာဘုရားသခင်သည် တာဝတိံသာ၌ အဘိဓမ္မာတရားတော်ကို ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူသည်မှာ အောင်မြင်စွာပြီးဆုံးသောနေ့၊ နတ်ဗြဟ္မာအပေါင်း ခြံရံလျက် တာဝတိံသာမှ သင်္ကာသနဂိုရ်ပြည်သို့ ဆင်းသက်တော်မူသောနေ့၊ ဗြဟ္မာ၊ နတ်၊ လူသုံးဘုံသူတို့ မြတ်စွာဘုရားအား အတူတကွ ကြည်ဖြူကော်ရော်ပူဇော်ကြသောနေ့၊ လောကဝိဝရဏတန်ခိုးတော်ကြောင့် စကြဝဠာတစ်ဝန်းလုံးကို တိုးလျှိုပေါက်မြင်ကြရသောနေ့ စသော ဂုဏ်ထူးဝိသေသအထူးထူးနှင့် ပြည့်စုံသောနေ့ဖြစ်သည်။

မြတ်စွာဘုရားရှင်၏ အဘိဓမ္မာတရားတော်သည် ပါဠိ၏နက်နဲခြင်း-ဓမ္မဂမ္ဘီရ၊ သဘောအဓိပ္ပာယ်၏ နက်နဲခြင်း-အတ္တဂမ္ဘီရ၊ ဟောကြားပုံအစီအစဉ်၏နက်နဲခြင်း- ဒေသနာဂမ္ဘီရ၊ ဉာဏ်တော်၏ နက်နဲခြင်း-ဉာဏဂမ္ဘီရဟူသော ဂမ္ဘီရလေးမျိုးနှင့်ပြည့်စုံသည်။ သတ္တဝါဟူသမျှနှင့် စပ်လျဉ်း၍ လောကသည် သုံးပါးရှိသည်။ ထိုသုံးပါးသည် သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကများဖြစ်ကြ၏။ လောကသုံးပါး၏ တရားကိုယ်ကို တရားသဘောအရကောက်ပါလျှင် ရုပ်၊ နာမ်တရားနှစ်ပါးသာဖြစ်၏။ ဤတရားနှစ်ပါးမှတစ်ပါး အခြားဘာမျှမရှိချေ။

ဣန္ဒြေနှင့်ဆက်စပ်သော (သက်ရှိ) ခန္ဓာအပေါင်းသည် သတ္တလောကဖြစ်၏။ ရုပ်၊ နာမ်နှစ်ပါးဖြင့် တည်ဆောက်ထားသော သတ္တလောကပင်ဖြစ်၏။ ဣန္ဒြေနှင့်မဆက်စပ်သော (သက်မဲ့) ရုပ်ခန္ဓာအပေါင်းသည် ဩကာသလောကဖြစ်၏။ ရုပ်တရားတစ်ပါးတည်းဖြင့် တည်ဆောက်ထားသော ဩကာသလောကပင်ဖြစ်၏။ သတ္တဝါ အပေါင်းတို့၏နေထိုင်ရာဌာနဖြစ်သည်ဟုဆိုလို၏။ သက်ရှိသတ္တလောကနှင့် သက်မဲ့ဩကာသလောကနှစ်ပါးသည် သင်္ခါရလောကဖြစ်၏။ သင်္ခါရလောက၌ အကျုံးဝင်သွားခြင်းဖြစ်၏ဟု ဆိုလိုသည်။ ထို့ကြောင့် အချုပ်အားဖြင့် ရုပ်၊ နာမ်တရားနှစ်ပါးသာဖြစ်၏။ သို့ဖြစ်၍ ရုပ်၊ နာမ်နှစ်ပါးသည် အဘိဓမ္မာတရားဖြစ်၏။

အဘိဓမ္မာတရားသည် **"စိတ်တရား၊ စေတသိက်တရား၊ ရုပ် တရား၊ နိဗ္ဗာန်တရား"** ဟူ၍လေးပါးရှိ၏။ စိတ်တရားသည် အာရုံကိုသိတတ်သောသဘောဖြစ်၏။ စေတသိက်တရားသည် စိတ်ကို မှီတွယ်၍ဖြစ်ရပြီး ကောင်းဆိုးနှစ်တန်ဖြင့် စိတ်တရားကို ပြောင်းလဲသွားအောင် အရောင်တင်ဆေးဆိုးပေးသော သဘောဖြစ်၏။ ရုပ်တရားသည် အအေး၊ အပူစသော ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် ဖောက်ပြန်တတ်သော သဘောဖြစ်၏။ နိဗ္ဗာန်တရားသည် ဒုက္ခခပ်သိမ်းအေးငြိမ်းသော "သန္တိသုခ" ချမ်းသာမှုသဘောဖြစ်၏။ ဤအဘိဓမ္မာတရား လေးပါးသည် အလွန်သိမ်မွေ့နက်နဲပြီး ကျယ်ပြန့်သောသဘောရှိ၏။

အဘိဓမ္မာနှင့်ပတ်သက်၍ လူ့လောကရှိလူတို့၏ ခန္ဓာကိုယ်ကြီးကို အဖွဲ့အစည်းအနေဖြင့် "ခန္ဓာ" ဖွဲ့လျှင် ရုပ်ခန္ဓာတစ်ပါး၊ စေတသိက်ခန္ဓာသုံးပါး၊ စိတ်ခန္ဓာတစ်ပါးအားဖြင့် ခန္ဓာပေါင်း ငါးပါးရှိ၏။ နိဗ္ဗာန်တရားသည် "ခန္ဓာ" ဟူသော အရေအတွက်မှ လွတ်ကင်းသော တရားဖြစ်၏။ ဖြစ်ခြင်း၊ တည်ခြင်း၊ ပျက်ခြင်း (ဥပါဒ်၊ ဌီ၊ ဘင်) သုံးပါးမရှိသောကြောင့် ခန္ဓာမဖွဲ့ရခြင်းဖြစ်၏။ ဤခန္ဓာငါးပါးရရှိမှုကို အဘိဓမ္မာတရားက အပိုအလိုမရှိ သတ်မှတ်ထား၏။ ဤသတ်မှတ်ချက်အရ လူ၏ခန္ဓာကိုယ်သည် အဘိဓမ္မာတရားနှင့်ဆိုင်သော ခန္ဓာကိုယ်ကြီးဖြစ်၏။ ဤဖော်ပြချက်နှင့်ပတ်သက်၍ "လူသည် အဘိဓမ္မာကောင်ကြီးဖြစ်သည်" ဟု လယ်တီဆရာတော်ကြီးက "ဥတ္တမပုရိသဒီပနီကျမ်း" ၌ ဖော်ပြထားပါသည်။

"လူသည် အဘိဓမ္မာကောင်ကြီးဖြစ်သည်" ဟု ဆိုသည့်အတိုင်း လူကို အကြမ်းဖျင်းအားဖြင့် သရုပ်ခွဲလျှင် လူသည် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ရှိ၏။ ဤ ခြောက်မျိုးသည် လူတို့၏ခန္ဓာကိုယ်ကြီး၌ ဝင်ရာ၊ ထွက်ရာ တံခါးပေါက်သဖွယ်ဖြစ်၏။ ထို့ကြောင့် မျက်စိက အဆင်းအာရုံကိုမြင်၏။ နားက အသံအာရုံကိုကြား၏။ နှာခေါင်းက အနံ့အာရုံကိုရှူ၏။ လျှာက အရသာအာရုံကို လျက်၏။ ကိုယ်က အတွေ့အာရုံကို ခံယူ၏။ စိတ်က သဘောတရားအာရုံကို သိရှိ၏။ ဤသို့သောဖြစ်စဉ်ဖြင့် သူ့အာရုံနှင့်သူ့တံခါးပေါက်အား လျော်စွာ ဓမ္မသဘာဝအတိုင်း သူ့အလုပ်သူ လုပ်နေကြခြင်းဖြစ်သည်။

လူ၌ သူ့အာရုံနှင့် သူ့တံခါးပေါက်နှစ်မျိုးတို့၏ ပေါင်းဆုံထိခိုက်မှုကြောင့် ဖြစ်ပေါ်လာမှုအသီးသီးတို့မှာ အဆင်းရူပါရုံနှင့် (စက္ခု) မျက်စိနှစ်ခုတို့၏ ပေါင်းဆုံထိခိုက်မှုကြောင့် စက္ခုဝိညာဉ်စိတ်သည် ဖြစ်ပေါ်လာသည်။ မျက်စိဖြင့်သိလာသော အသိစိတ်ဖြစ်၏။ ထို့အတူ နားဖြင့်သိလာသော အသိစိတ်ဖြစ်၏။ နှာခေါင်းဖြင့်သိလာသော အသိစိတ်ဖြစ်၏။ လျှာဖြင့် သိလာသော အသိစိတ်ဖြစ်၏။ ကိုယ်ဖြင့်သိလာသော အသိစိတ်ဖြစ်၏။ စိတ်ဖြင့်သိလာသော အသိစိတ်အသီးသီးတို့ ဖြစ်ကြသည်။ ဤသို့အားဖြင့် လူတို့၏ခန္ဓာကိုယ်၌ တံခါးခြောက်ပေါက်ရှိသည့်အားလျော်စွာ ဖြစ်ပေါ်လာသောစိတ်သည်လည်း သူ့ဖြစ်စဉ်အားလျော်စွာ အပြောင်းအလဲမရှိဘဲ အသီးသီးဖြစ်ပေါ်လာကြခြင်းဖြစ်သည်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဗြဟ္မာ၊ နတ်၊ လူတို့၏ စေခိုင်းချက်အမိန့်ပေးချက်မရှိဘဲ ဓမ္မသဘာဝဖြစ်စဉ်အတိုင်း ဖြစ်ပေါ်လာခြင်းသာဖြစ်သည်။

ဤတွင် **"အာရုံ၊ ဒွါရခေါ် တံခါးပေါက်၊ သိစိတ်"** တရားသုံးမျိုးနှင့်ပတ်သက်၍ လယ်တီဆရာတော်ကြီးက **"အာရုံတရားသည် အတိုက်ခတ်ဖြစ်၏။ ဒွါရခေါ်တံခါးပေါက်သည် အခံခတ်ဖြစ်၏။ ဖြစ်ပေါ်လာသော အသိစိတ်သည် အပွင့်ခတ်ဖြစ်၏"** ဟု မိန့်ဆိုထားပါသည်။

အဘိဓမ္မာတရားသည် ကောင်း၊ ဆိုးနှစ်တန်သဘောကို ပြဆိုခြင်းဖြစ်၍ ပုထုဇဉ်လူသားတို့၏ နေ့စဉ်နေ့တိုင်း ဆောင်ရွက်မှုများသည် ကောင်း၊ ဆိုးနှစ်တန်နှင့် ကြုံတွေ့နေရသောသဘောရှိ၏။ ဤသို့သဘောရှိသဖြင့် စိတ်ပိုင်းဆိုင်ရာအရ စိတ်ကြည်လင်မှုဖြစ်ခြင်း၊ စိတ်မကြည်မှုဖြစ်ခြင်း၊ မေတ္တာထားခြင်း၊ ဒေါသထားခြင်း စသည်အားဖြင့် စိတ်ပိုင်းဆိုင်ရာ ဖြစ်ပေါ်ကြုံတွေ့မှုအမျိုးမျိုးရှိ၏။ ရုပ်ပိုင်းဆိုင်ရာအရ နေကောင်းခြင်း၊ နေမကောင်းခြင်း၊ စားသောက်ကောင်းခြင်း၊ စားသောက်မကောင်းခြင်း စသည်အားဖြင့်လည်း ရုပ်ပိုင်းဆိုင်ရာဖြစ်ပေါ် ကြုံတွေ့မှုအမျိုးမျိုးရှိ၏။ လုပ်ငန်းဆောင်ရွက်မှုအရမှာလည်း ကောင်းသော ကာယကံ၊ ဝစီကံ၊ မနောကံ အလုပ်သုံးမျိုးနှင့် မကောင်းသောကာယကံ၊ ဝစီကံ မနောကံ အလုပ်သုံးမျိုးတို့ကိုလည်း ဖြစ်ပေါ်ကြုံတွေ့ရ၏။ ဤသို့အားဖြင့် လောက၌ လူတို့သည် ကောင်း၊ ဆိုးနှစ်မျိုးဖြင့် အမျိုးမျိုးအဖုံဖုံ ကြုံတွေ့ဆောင်ရွက်နေကြခြင်းဖြစ်၏။

လူသည် ဘဝနိဂုံးချုပ်ရာ၌ သေခြင်းလေးမျိုးတွင် တစ်မျိုးမျိုးဖြင့် အဆုံးသတ်ရပြန်၏။ အသက်တမ်းကုန်၍သေခြင်း- အာယုက္ခယမရဏ၊ ကံစွမ်းကုန်၍ သေခြင်း- ကမ္မက္ခယမရဏ၊ အသက်တမ်း ကံစွမ်း နှစ်ပါးစုံကုန်၍ သေခြင်း- ဥဘယက္ခယမရဏ၊ အသက်တမ်းကံစွမ်းနှစ်ပါးစုံရှိပါသေးလျက် အကုသိုလ် (ဥပဃာတက) ကံဆိုးဖြတ်ခြေ၍ သေခြင်း- ဥပစ္ဆေဒကမရဏတို့ဖြစ်၏။

အဘိဓမ္မာသည် ရုပ်၊ နာမ်တရားနှစ်ပါးနှင့်ဆိုင်သော တရားစစ်စစ်ဖြစ်၏။ လူတို့၏ ဘဝရရှိမှုကိုလည်းပြ၏။ ခန္ဓာကိုယ်၏ ဖြစ်ပေါ်မှုအမျိုးမျိုးကိုလည်းပြ၏။ အကြောင်းတရားနှင့် အကျိုးတရားတို့၏ ကောင်း၊ ဆိုးနှစ်တန်ကိုလည်းပြ၏။ လူတို့၏ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဖြစ်ပေါ်မှုအမျိုးမျိုးကိုလည်းပြ၏။ ဘဝရရှိရာ၌ ဘဝရရှိမှု ကောင်းဆိုးနှစ်တန် အမျိုးမျိုးကိုလည်းပြ၏။ ဘဝလွတ်မြောက်မှုကိုလည်းပြ၏။ သေခြင်း လေးမျိုးတွင် တစ်မျိုးမျိုးဖြင့် သေရခြင်းကိုလည်းပြ၏။ ဤသို့အားဖြင့် "လူသည် ရုပ်၊ နာမ် နှစ်ပါးဖြင့် စပြီး ရုပ်၊ နာမ်အလုပ်ဖြင့် နေထိုင်ရလျက် ရုပ်၊ နာမ်နှစ်ပါးဖြင့် အဆုံးသတ်ရခြင်းဖြစ်သည်" ဟု အဘိဓမ္မာက ပြဆိုထားသည်။

ဤနှစ် "သီတင်းကျွတ်လ အဘိဓမ္မာအခါသမယ" ၌ အဘိဓမ္မာတရားတော်အရ နေ့စဉ်နေ့တိုင်း အဘိဓမ္မာအလုပ်များကို ဆောင်ရွက်နေကြရာတွင် မိမိတို့၏ကိုယ်၌က အဘိဓမ္မာကို တတ်သိနားလည်နေမှသာလျှင် ကောင်း၊ ဆိုးနှစ်တန်ကို ရွေးချယ်တတ်မည်ဖြစ်၏။ ရွေးချယ်တတ်မှသာလျှင် အဘိဓမ္မာကညွှန်ပြသော နည်းမှန်လမ်းမှန်များကို ဆောင်ရွက်တတ်မည်ဖြစ်၏။ ဤသို့ဆောင်ရွက်တတ်မှသာ လောကအပြစ်နှင့် ဓမ္မအပြစ်နှစ်မျိုးမှ လွတ်ကင်းနိုင်၏။ သို့ပါ၍ မြတ်စွာဘုရားရှင်ဟောကြားတော်မူသော အဘိဓမ္မာဒေသနာတော်များကို ရွတ်ဖတ်ပူဇော်ခြင်း၊ သင်ကြားနာယူခြင်းဖြင့် နာမရူပ ပရိစ္ဆေဒဉာဏ် ရင့်သန်စေခြင်း၊ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ရန် လမ်းကြောင်းအထောက်အပံ့ကောင်းများကို ရနိုင်ခြင်း၊ ဘေးဥပဒ်အန္တရာယ်ကင်းဝေးခြင်း၊ ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံခြင်းဟူသော အကျိုးတရားများကို ရရှိနိုင်ကြစေမည်ဖြစ်ပါကြောင်း ကောင်းမြတ်သောဆန္ဒဖြင့် တင်ပြအပ်ပါသည်။ ။

မြန်မာ့စီးပွားရေးဘဏ် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်၏ သက်တမ်းစေ့ရောက်ပြီး အရင်းနှင့်အတိုးပေးဆပ်ရန် ပျက်ကွက်နေသည့် ချေးငွေများကျဆင်းရေးအလုပ်ရုံ ဆွေးနွေးပွဲကို အောက်တိုဘာ၁၂ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့စီးပွားရေးဘဏ် သင်တန်းခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး မြတ်မော်နှင့် အထွေထွေမန်နေဂျာများ၊ ဒုတိယ အထွေထွေမန်နေဂျာများ၊ ပြည်နယ်နှင့်တိုင်းမန်နေဂျာများ၊ ရန်ကုန်စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ ဘဏ်ခွဲမန်နေဂျာများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် အရင်းအတိုးပေးဆပ်ရန် ပျက်ကွက်နေသော ချေးငွေကျဆင်းရေးနှင့်ပတ်သက်၍ စာတမ်းငါးစောင် ဖတ်ကြားတင်ပြပြီး အလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက ပါဝင်ဆွေးနွေးကြသည်။ **(အောက်ပုံ)**

(သတင်းစဉ်)



အောက်တိုဘာ ၁၅ရက်က နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် (၁၄)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲကျင်းပပြီးနောက် မြို့တော်ခန်းမ၌ကျင်းပသည့် ဖျော်ဖြေပွဲတွင် ရန်ကုန်မြို့တော်ဝန်၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က မျက်မမြင်များအား မျက်မှန်များတပ်ဆင်ပေးစဉ်။ (သတင်းဖော်ပြပြီး) (၁၉)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပန်းလှိုင်အိမ်ရာ တိုက်(၃) နေ ကွယ်လွန်သူ ဒေါက်တာဦးဝင်းညွန့်နှင့် ဒေါက်တာ ဒေါ်အေးအေးမြင့်တို့အားရည်စူး၍ သားမောင်ဝင်းမြင့်ဦး၊ သမီး မခင်ဝင်းသက်တို့က ဆွမ်းပဒေသာပင် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြေနီကုန်းဓမ္မာရုံ၌ တရားပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၆

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းရပ်ကွက်လုံးဆိုင်ရာ ဗိုလ်မိုးလမ်းနှင့် ဓမ္မာရုံလမ်းထောင့်ရှိ မြေနီကုန်းဓမ္မာရုံ၌ မေတ္တာပြန့်ပွားရေးအဖွဲ့ငယ်၏ (၆)နှစ်ပြည့် အထူးတရားပွဲကို အောက်တိုဘာ ၂၂ ရက် (စနေနေ့) ညနေ ၆ နာရီမှစ၍ အင်းစိန် ဘိုကုန်း မိုးကုတ်ဝိပဿနာတိုက် ဦးဝဏ္ဏာစာရ (မဟာကမ္မဋ္ဌာနာစရိယ)၊ အောက်တိုဘာ ၂၃ ရက် (တနင်္ဂနွေနေ့) တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အရှင်သိရိန္ဒာဘိဝံသ (ယော) ဆရာတော်၊ အောက်တိုဘာ ၂၄ ရက် (တနင်္လာနေ့) အရှင်ခေမိန္ဒ (နယ်လှည့်ဓမ္မကထိက) စစ်ကိုင်းဆရာတော်များက တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ မိတ္ထီလာခရိုင်အတွင်း ကွင်းဆင်း၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၁၆

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့်နှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၉ ရက်တွင် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရွှေကူကျေးရွာသို့ရောက်ရှိကြပြီး ရွှေကူကျေးရွာနှင့် ဆင်ချီတိုင်ကျေးရွာတို့မှ အဘိုးအဘွား ၂၀ တို့အား ဆေးဝါးနှင့် အစားအစာများဖြင့် ကန်တော့ကြသည်။

ဆက်လက်၍ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရွှေကူကျေးရွာနှင့် ဆင်ချီတိုင်ကျေးရွာတို့မှ ပံ့ပိုးရန် လိုအပ်သော ကျောင်းနေအရွယ် ကလေးငယ် ၂၀ တို့အား ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာပစ္စည်းများ ထောက်ပံ့ပေးအပ်ကြပြီး ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာတမ်းများ လှူဒါန်းကြကာ ရွှေကူကျေးရွာမှ အမျိုးသမီးရေးရာ အဖွဲ့ဝင် အဆိုပြုလွှာများကို လက်ခံကြသည်။

ထို့နောက် ရွှေကူကျေးရွာနှင့် ဆင်ချီတိုင်ကျေးရွာတို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ ရှေးဦးစွာ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စည်းရုံးရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ စည်းရုံးရေးဌာနကြီးတာဝန်ခံ ဒေါ်သန္တာဘုန်းဝင်းကလည်းကောင်း၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရဲအုပ်သီတာရှိန်ကလည်းကောင်း ရှင်းလင်းဟောပြောကြပြီး ဒေသခံပြည်သူများနှင့် စကားဝိုင်းများဖွဲ့ကာ ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့်နှင့် အဖွဲ့ဝင်များ မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ် နဘဲကန်စံပြကျေးရွာမှ အဘိုးအဘွားများအား ဆေးဝါးများ၊ စားသုံးကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

ထို့နောက် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့်နှင့် အဖွဲ့ဝင်များသည် အထူးကုဆရာဝန်ကြီးများက ဒေသခံပြည်သူများ ဆေးဝါးကုသနေမှုများကို လိုက်လံကြည့်ရှုအားပေးကြပြီး မျက်စိအားနည်း၍ မျက်မှန်လိုအပ်သော ဒေသခံပြည်သူများအား ပါဝါမျက်မှန်များကို မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက တစ်ဦးချင်း တပ်ဆင်ပေးအပ် လှူဒါန်းသည်။

ထိုမှတစ်ဆင့် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် နဘဲကန်စံပြကျေးရွာသို့ ရောက်ရှိကြပြီး အဘိုးအဘွား ၂၀တို့အား ဆေးဝါးများ၊ စားသုံးကုန်ပစ္စည်းများဖြင့် ကန်တော့ကြသည်။

ထို့နောက် ပံ့ပိုးရန် လိုအပ်သည့် ကျောင်းနေအရွယ်ကလေးငယ်ကျောင်းသား၊ ကျောင်းသူလေးများအား ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများအပါအဝင် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပြီး ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာတမ်းများ ပေးအပ်လှူဒါန်းကာ ဒေသခံပြည်သူများ၏ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများကို လက်ခံကြသည်။

ယင်းနောက် ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့်က အမျိုးသမီးရေးရာ အကြောင်းသိကောင်းစရာများဖြင့် အဖွင့်အမှာစကား ပြောကြားပြီး ဌာနကြီးတာဝန်ခံများ၊ အဖွဲ့ခေါင်းဆောင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဟောပြောဆွေးနွေးကြကာ စကားဝိုင်းများဖွဲ့၍လည်း ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့် မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ် ရွှေကူကျေးရွာမှ ပံ့ပိုးရန်လိုအပ်သော ကျောင်းနေအရွယ် ကလေးငယ်များအား ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာပစ္စည်းများ ထောက်ပံ့ ပေးအပ်စဉ်။

(သတင်းစဉ်)

ထို့နောက် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပါဝါမျက်မှန်တပ်ရန် လိုအပ်သူများအား ပါဝါမျက်မှန်များ ပေးအပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ရှင်းလင်းပြောကြား

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့် မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ် ရွှေကူကျေးရွာတွင် ဒေသခံ ပြည်သူများနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်း စည်းဝေး

ရန်ကုန် အောက်တိုဘာ ၁၆

တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ပြည်နယ်၊ တိုင်းများမှ အုပ်ချုပ်သူများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ အမှတ်(၁) စစ်ကြောရေးနှင့်တည်းခိုရေးစခန်း (ဘုရင့်နောင်) ကြိုဆိုနေရာချထားရေး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အမှတ် (၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အသင်းအုပ်ချုပ်သူများက ပြိုင်ပွဲနှင့်ပတ်သက်၍ လုပ်ငန်းကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး တင့်ဆန်းက လိုအပ်သည်များကို ညှိနှိုင်းစီစဉ်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

သတိပေး နှိုးဆော်ချက်

ယာဉ်မတော်တဆဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုကြောင့်ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ) များ၏ စည်းကမ်းမလိုက်နာမှုကြောင့်လည်း ဖြစ်ပွားခဲ့သည်ကိုတွေ့ရှိရပါသည်။

လမ်းဆုံမီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံမီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန်လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားများမှသာအချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့်၊ လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

အာဟာရတိုက်ကျွေး

လှိုင်မြို့နယ် အမှတ်(၁၀) အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် အောက်တိုဘာ ၁၅ရက်က ဦးခင်စပို - ဒေါ်ခင်ဆွေလှဲ၊ သားမောင်ကောင်းညွှန့်ထူး တတိယတန်း (က) မိသားစုက ကျောင်းသား၊ ကျောင်းသူများအား အာဟာရအဖြစ် ကြက်သားဆန်ပြုတ် တိုက်ကျွေးစဉ်။

(က-ပ)

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်း (အလယ်)နေ ဦးအေးလွင် - ဒေါ်နီလာမိသားစုက အလှူငွေ ကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရပရိယတ္တိ စာသင်တိုက် သုဒဿနလမ်း၊ (၁၆/၂) ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ မော်တော်ယာဉ် အဖွဲ့ခေါင်းဆောင် ဦးအောင်ကြွယ်စိုး လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။

(က-ပ)

ကျေးလက်ဒေသများ၏ ပညာရေးကျန်းမာရေးလူမှုရေး အဆင့်အတန်
နောင်လာနောက်သားများအတွက် ပတ်ဝန်းကျင်ကောင်း၊ အခြေခံကောင်းများမြှင့်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ၂၀၀၅ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် အခမ်းအနားတွင် လှောင်အိမ်ဖြင့် ရေချိုငါးမွေးမြူရေး ဂုဏ်ပြုဆုရရှိသည့် ရောဝတီတိုင်း ပုသိမ်မြို့နယ် ယုဇနကုမ္ပဏီလီမိတက်မှ ဦးဌေးမြင့်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

✱ ရှေ့ဖုံးမှ

ကုလသမဂ္ဂအဖွဲ့ကြီးသည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန်၊ အဖွဲ့ဝင်နိုင်ငံအားလုံး၏ ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရန်ကိစ္စတို့ကို စွမ်းဆောင်နိုင်မှာဖြစ်သည်ဟု ရိုးသားစွာယုံကြည်ချက်ရှိသည့်အညီ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရေးကို မိမိတို့နိုင်ငံ၏ နိုင်ငံခြားရေးဝါဒ၌ အခြေခံအုတ်မြစ်တစ်ရပ်အဖြစ် ချမှတ်ထားပါကြောင်း။

တစ်ချိန်တည်းမှာပင် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများဖြစ်သော ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး ရုံးများနှင့်လည်း တက်ကြွစွာတာဝန်သိသိပူးပေါင်းပြီး ကမ္ဘာ့လူသားအားလုံး၏ အကျိုးစီးပွားကိုဖော်ဆောင်နိုင်အောင် ကြိုးပမ်းလျက်ရှိပါကြောင်း။

အစွမ်းကုန်ကြိုးပမ်းနေ

ခြုံငုံပြောရမည်ဆိုလျှင် မြန်မာနိုင်ငံသည် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများမှာ တက်ကြွစွာ ပါဝင်လှုပ်ရှားနေရုံသာမက ကမ္ဘာ့နိုင်ငံများ၊ အိမ်နီးချင်းမိတ်ဆွေနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်လည်း ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့ကိုလည်း တိုးတက်ခိုင်မြဲသည်ထက် တိုးတက်ခိုင်မြဲအောင် စိတ်ရင်းစေတနာမှန်ဖြင့် အစွမ်းကုန်ကြိုးပမ်းနေသည့် နိုင်ငံဖြစ်ပါကြောင်း။

ယနေ့သည် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့စတင်ထူထောင်ခဲ့သည့် အထိမ်းအမှတ်နေ့ရက်ဖြစ်ပြီး အဖွဲ့၏ သက်တမ်းမှာ ကုလသမဂ္ဂအဖွဲ့ကြီးနှင့်အတူ အနှစ်(၆၀)ရှိခဲ့ပြီဖြစ်သည့်အတွက် အဖွဲ့ကြီးမှာ ခေတ်ကာလမျိုးစုံကိုဖြတ်သန်းရင်း အတွေ့အကြုံများစွာဖြင့် ရင့်ကျက်နေပြီဖြစ်ပါကြောင်း၊ အက်ဖ်အေအိုအဖွဲ့ကြီး ထူထောင်သည့် အောက်တိုဘာလ ၁၆ ရက်နေ့ရောက်တိုင်း မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများ၌ ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားများကို နှစ်စဉ်နှစ်တိုင်း ကျင်းပခဲ့တာဖြစ်ပါကြောင်း။

ကမ္ဘာ့လူသားအားလုံး ငတ်မွတ်ခေါင်းပါးမှုဘေးမှ ကင်းဝေးရေး၊ စားနပ်ရိက္ခာပြည့်စုံဖူလုံရေး၊ ကျေးလက်ဒေသများ၏ လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်ရေးစသည့် မွန်မြတ်သောရည်မှန်းချက်များအတွက် အက်ဖ်အေအိုအဖွဲ့သည် အဖွဲ့ဝင်နိုင်ငံများ၏ ကြိုးပမ်းပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ သက်တမ်းရှည်ကြာစွာ လှုပ်ရှားရုန်းကန်လာခဲ့ပြီးဖြစ်ပါကြောင်း၊ အဖွဲ့၏ ရည်ရွယ်ချက်များကို မည်ရွေ့မည်မျှထိရောက်စွာ အကောင်အထည်ဖော်နိုင်ခဲ့သည်ဆိုသော အချက်ကို မိမိတို့တစ်တွေ အမြဲဆန်းစစ်ဝေဖန်ပြီး တစ်နှစ်ထက်တစ်နှစ် တိုးတက်အောင်မြင်မှုများရရှိအောင် ဆက်လက်ကြိုးပမ်း သွားကြရမှာဖြစ်ပါကြောင်း။

ထိရောက်အောင်မြင်ရေး

မြန်မာနိုင်ငံအနေဖြင့်ပြောရပါမူ တစ်နိုင်ငံတည်း အင်အားဖြင့်ရော၊ နိုင်ငံတကာအဖွဲ့အစည်းများ၌ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ကျရာအခန်းကဏ္ဍမှ တက်ကြွစွာပူးပေါင်းပါဝင်ရမည့် တာဝန်ပိုင်းအရပါ အက်ဖ်အေအိုအဖွဲ့၏ ရည်မှန်းချက်များ ထိရောက်အောင်မြင်ရေးအတွက် မမှိတ်မသုန်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း။

ယနေ့ ကမ္ဘာကြီး၌ လူသန်းပေါင်း ၆၀၀၀ကျော်ရှိသည့်အနက် လူသန်းပေါင်း ၈၀၀ ကျော်သည် စားနပ်ရိက္ခာဖူလုံမှုမရှိဘဲ အာဟာရချို့တဲ့မှုများဖြင့် ရင်ဆိုင်နေရဆဲ ဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံများအကြား ဆင်းရဲချမ်းသာကွာဟမှုများမှာလည်း ကြီးမားနေဆဲဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ကွာဟမှုများကို တတ်စွမ်းသမျှ လျော့ကျသွားနိုင်အောင် ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။

ထို့ကြောင့်လည်း ၂၀၀၅ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အတွက် ဆောင်ပုဒ်ကို **"စားနပ်ရိက္ခာဖူလုံရေး တွေ့ဆုံဆွေးနွေးဖြည့်ဆည်းပေး"** ဆိုပြီး ရွေးချယ်သတ်မှတ်ထားခြင်းဖြစ်သည်ဟု နားလည်မိပါကြောင်း၊ အက်ဖ်အေအိုနှင့် အခြားအပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများသည် လက်တွေ့ကျသည့်ဖွံ့ဖြိုးရေးလုပ်ငန်း အစီအစဉ်များအတွက် ရင်းနှီးစွာ၊ စေတနာရှိစွာ ညှိနှိုင်းဆွေးနွေး အဖြေရှာကြရမှာလည်းဖြစ်ပါကြောင်း။

ပြည့်စုံဖူလုံ

လယ်ယာစိုက်ပျိုးရေးနိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် စားနပ်ရိက္ခာပြည့်စုံဖူလုံသော နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ထို့ကြောင့် မိမိတို့တိုင်းပြည်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် မိမိနိုင်ငံသူ၊ နိုင်သားများ၏ စားနပ်ရိက္ခာကို ဖြည့်ဆည်းပေးရေးအတွက်သာမက နိုင်ငံသူ နိုင်ငံသားများ၏ လူမှုစီးပွားရေးဘဝ တိုးတက်ဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့အတွက်ပါ ဖန်တီးဖော်ဆောင်ပေးနေသည့် အခြေခံကျသော စီးပွားရေးကဏ္ဍကြီး တစ်ခုဖြစ်ပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိမှသာ နိုင်ငံတော်၏တည်ငြိမ်အေးချမ်းမှုကို ခိုင်မြဲအောင် တည်ဆောက်အကောင်အထည်ဖော်လာနိုင်မှာဖြစ်ပြီး တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုရှိမှလည်း စီးပွားရေးဘဝခိုင်မာတောင့်တင်းရေး၊ အမျိုးသားပညာရည်မြင့်မားလာရေးနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းတို့ကို ဖော်ဆောင်နိုင်မှာဖြစ်ပါကြောင်း၊ ထို့ကြောင့် အခြေခံကျသည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အလေးပေး လုပ်ကိုင်ဆောင်ရွက်ရင်း လယ်ယာကဏ္ဍနှင့်ဆက်နွယ်သည့် သားငါးကဏ္ဍနှင့် သစ်တောကဏ္ဍတို့ကိုပါ ရေရှည်ဖွံ့ဖြိုးတိုးတက်လာအောင် ဒွန်တွဲလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၅၄ သန်းကျော်ရှိသော မြန်မာ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေး၊ မွေးမြူရေး သို့မဟုတ် သစ်တောကဏ္ဍတစ်ခုခုကို မှီခိုအားထားအသက်မွေးဝမ်းကျောင်း ပြုနေကြရတာဖြစ်ပါကြောင်း၊ ဤကဏ္ဍများ၏ စွမ်းဆောင်မှုနှင့် ထုတ်လုပ်မှုတိုးတက်မြင့်မားလာစေခြင်းသည် ပြည်သူအများစု နေထိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော်ခြင်းပင်ဖြစ်ပါကြောင်း။

လမ်းညွှန်ချက်ပေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်သည့်အပြင် နိုင်ငံ၏ပြည်သူ အများစုမှာလည်း ကျေးလက်ဒေသ၌ နေထိုင်ကြပြီး ဆင်းရဲနွမ်းပါး ကြသည်ဖြစ်ရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်မှသာ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ ဆင်းရဲနွမ်းပါးမှု လျော့ကျရေး (Reduction of Rual Poverty)အတွက် စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးကိုပါ ပူးတွဲလုပ်ကိုင်လာအောင် အားပေးရမှာဖြစ်ကြောင်း"** လမ်းညွှန်ချက်ပေးပြီး ကျေးလက်ဒေဖွံ့ဖြိုးရေးအတွက် လက်တွေ့လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်ပေးခဲ့ပါကြောင်း။

ယခုဆိုလျှင် မိမိတို့နိုင်ငံ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖွံ့ဖြိုးရေးတာဝန်အဖြစ်ခံယူပြီး အကောင်အထည်ဖော်နေသည်မှာ ငါးနှစ်အတွင်း ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ မိမိတို့၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်သည် တစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်နွယ်နေပြီး ဟန်ချက်ညီညီ အကောင်အထည်ဖော်ရသည့် လုပ်ငန်းစဉ်များဖြစ်ပါကြောင်း၊ ယင်းဆောင်ရွက်ချက် လုပ်ငန်းစဉ်များသည် ကမ္ဘာ့ဆင်းရဲမှု တိုက်ဖျက်ရေး အစီအစဉ်များနှင့်လည်း အနှစ်သာရအားဖြင့် အတူတူပင်ဖြစ်ပါကြောင်း။

ကွာဟချက်ကျဉ်းမြောင်း

ထပ်ဆင့်ပြောကြားရမည်ဆိုလျှင် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အလေးပေးဆောင်ရွက်ခြင်းမှာ စီးပွားရေး အရရော၊ နိုင်ငံရေးအရပါ ရွေးချယ်မှုမှန်ကန်သည့်အပြင် လူအများစုအကျိုးကိုသယ်ပိုးခြင်းဖြစ်သည့်အတွက် မိမိတို့နိုင်ငံ၌ ထိရောက်အောင်မြင်မှုများ ရရှိလျက်ရှိပါကြောင်း၊ မြို့ပြနှင့်ကျေးလက်ဒေသ တို့အကြား ကွာဟချက်မှာလည်း ကျဉ်းမြောင်းလာလျက်ရှိပါကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ၂၀၀၅ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ကျွန်းအထူးစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်း ထူးချွန်မြို့နယ် ပထမဆုရ ရောဝတီတိုင်း ကြံခင်းမြို့နယ်အတွက် တာဝန်ရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အဓိကစားနပ်ရိက္ခာဖြစ်သည့် စပါးသီးနှံ ထုတ်လုပ်ရေးအပိုင်းကို ကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံ၏စပါးစုစုပေါင်းအထွက်သည် ၂၀၀၀-၂၀၀၁ ခုနှစ်မှစပြီး တင်းသန်း၁၀၀၀ကျော်လာပြီး ၂၀၀၄-၂၀၀၅ခုနှစ်၌ တင်းသန်း ၁၂၀၀နီးပါးခန့်အထိ တိုးတက်ထွက်ရှိလာပြီဖြစ်ကြောင်း၊ နီးကပ်သောနှစ်ပိုင်းအတွင်း၌ပင် စပါးတင်းသန်း၁၂၀၀ကျော် ထုတ်လုပ်သွားနိုင်မည်ဟု ခန့်မှန်းရရှိသည့်အတွက် မြန်မာ့စိုက်ပျိုးရေးသမိုင်း၌ စပါးအထွက်စံချိန်သစ်ကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့တင်နိုင်လျက်ရှိသည့် အောင်မြင်မှုကြီးဖြစ်ပါကြောင်း။

ယင်းအောင်မြင်မှုမှာ ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံစေရုံသာမက စပါးပိုလျှံမှုများ တိုးတက်များပြားလာပြီး ကမ္ဘာ့စားနပ်ရိက္ခာ ဖူလုံရေးကိုပါ အတိုင်းအတာတစ်ရပ်အထိ အထောက်အကူပြုလျက်ရှိပါကြောင်း။

စနစ်တကျစီမံအား

ယင်းသို့ကြိုးပမ်းဆောင်ရွက်ရာ၌ သီးနှံ
တိုးတက်စေရန်၊ သီးနှံစိုက်စွမ်းအားများ မြ
ရှာဖွေဖော်ထုတ် တိုးချဲ့စိုက်ပျိုးနိုင်စေရန်၊ ပြည်ပ
အမယ်သစ်များ အောင်မြင်စွာ ယှဉ်ပြိုင်ရောင်း
အစိုးရက စနစ်တကျ စီမံအားပေးဆောင်ရွ

အလားတူပင် လယ်ယာကဏ္ဍနှင့် တ
သားငါးကဏ္ဍမှာလည်း နိုင်ငံတော်အစိုးရ၏အား
ဖွံ့ဖြိုးတိုးတက်လျက်ရှိပါကြောင်း၊ သားငါးမျိုး
ဖြန့်ဖြူးပေးပြီး နိုင်ငံတော်အတွင်း သားငါးထု
လာရေး၊ သားငါးပုစွန်မွေးမြူရေးလုပ်ငန်းမျ
အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊
မွေးမြူရေးမှသည် စီးပွားဖြစ်ခေတ်မီမွေးမြူရေ
အစိုးရက အထူးအလေးပေးဆောင်ရွက်လျက်
ပြည်တွင်းသားငါးစားသုံးမှုဖူလုံလျက်ရှိသည့်
ပုံမှန်တင်ပို့ရောင်းချနေပြီဖြစ်ပါကြောင်း။

တစ်ချိန်တည်းမှာပင် သားငါးကဏ္ဍ ဖွံ့
မပြုန်းတီးရေး၊ ဇီဝဆိုင်ရာ ဂေဟစနစ်မပျက်စီ
အစိုးရ ဥပဒေများနှင့်အညီ ထိန်းသိမ်းကြီးကြပ်

သစ်တောကဏ္ဍ

မြန်မာနိုင်ငံ၏ သစ်တောကဏ္ဍ၌ ပတ်ဝ
စိုပြည်ရေး၊ရေမြေသဘာဝရာသီဥတု ညီညွတ်မှ
များနှင့် ဂေဟစနစ် တည်တံ့စေရေးဦးတည်ပြီး
စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ပေးလျက်

ထို့ပြင် သစ်တော ထိန်းသိမ်းပြုစုပျိုး
သတ်မှတ်ကာကွယ်မှု၊ သစ်တောစိုက်ခင်းများပျိုး
ထိန်းသိမ်းမှုစသည့် သစ်တောဖွံ့ဖြိုးရေးလုပ်င
ဆောင်ရွက်လျက်ရှိပြီး အညာဒေသအတွက် အ
ဘက်စုံစီမံကိန်းကြီးကိုပါ ထိထိရောက်ရောက် အ
ထားရှိပြီးဖြစ်ပါကြောင်း။

ယင်းသို့ဘက်ပေါင်းစုံမှ မိမိတို့၏
ကိုယ့်အား ကိုယ်ကိုးပြီး စနစ်တကျ၊ ရည်မှ
လျက်ရှိသည့်အတွက် မိမိတို့နိုင်ငံ၌ နိုင်ငံသူ
ရန်အတွက် စားနပ်ရိက္ခာ ပြည့်စုံဖူလုံသည်သ
ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အဆင့်အ
ထက်တစ်နှစ် တိုးတက်မြင့်မားလာလျက်ရှိပါ
နောက်သားများအတွက် ငြိမ်းချမ်းသာယာပြီး
ပတ်ဝန်းကျင်ကောင်း၊ အခြေခံကောင်းများ
ဆောင်ရွက်ပေးနိုင်နေပြီဖြစ်ကြောင်း။

နိုင်ငံတကာမျက်နှ

နိုင်ငံတကာမျက်နှာစာ၌လည်း မိမိတို့နို
အာဆီယံမိသားစုဝင်နိုင်ငံများ၊ ဒေသတွင်း နိုင်
များနှင့် လက်တွဲပူးပေါင်းပြီး စားနပ်ရိက္ခာ
ကျင် ထိန်းသိမ်းရေး၊ ဒေသတည်ငြိမ်အေး
တိုးတက်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု

ဖတ်ကြား



၂၀၀၅ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr. Tang Zhengping **ဖတ်ကြားစဉ်။** (သတင်းစဉ်)

❒ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတ
သည့်အတိုင်း ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ
ချက်များနှင့် မူများကို မမှိတ်မသုန် အခိုင်အမာ

❒ ကုလသမဂ္ဂအဖွဲ့ကြီးသည် နိုင်ငံတကာငြိမ်းချ
လုံခြုံရေးကို ထိန်းသိမ်းရန်၊ အဖွဲ့ဝင်နိုင်ငံအားလ
တိုးတက်မှုမြှင့်တင်ရန်ကိစ္စတို့ကို စွမ်းဆောင်နိုင်မှ
ဟု ရိုးသားစွာယုံကြည်။

❒ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရေးကို မိမိ
နိုင်ငံခြားရေးဝါဒ၌ အခြေခံအုတ်မြစ်တစ်ရပ်အဖြ
ထား။

...မှုရေး အဆင့်အတန်းတိုးတက် ...အခြေခံကောင်းများမြှင့်တင်ပေးနိုင်

စနစ်တကျစီမံအားပေး

ယင်းသို့ကြိုးပမ်းဆောင်ရွက်ရာ၌ သီးနှံအထွက်နှုန်းများ အစဉ်တစိုက်တိုးတက်စေရန်၊ သီးနှံစိုက်စွမ်းအားများ မြင့်မားစေရန်၊ မြေယာသစ်များရှာဖွေဖော်ထုတ် တိုးချဲ့စိုက်ပျိုးနိုင်စေရန်၊ ပြည်ပဈေးကွက်မှာ လယ်ယာထွက်ကုန်အမယ်သစ်များ အောင်မြင်စွာ ယှဉ်ပြိုင်ရောင်းချစေရန်တို့အတွက် နိုင်ငံတော်အစိုးရက စနစ်တကျ စီမံအားပေးဆောင်ရွက်ခဲ့တာဖြစ်ပါကြောင်း။

အလားတူပင် လယ်ယာကဏ္ဍနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည့် သားငါးကဏ္ဍမှာလည်း နိုင်ငံတော်အစိုးရ၏အားပေးကူညီမှုနှင့်အတူ တစ်ရှိန်ထိုးဖွံ့ဖြိုးတိုးတက်လျက်ရှိပါကြောင်း၊ သားငါးမျိုးကောင်းမျိုးသန့်များ တိုးတက်ဖြန့်ဖြူးပေးပြီး နိုင်ငံတော်အတွင်း သားငါးထုတ်လုပ်မှု ဘက်စုံဖွံ့ဖြိုးတိုးတက်လာရေး၊ သားငါးပုစွန်မွေးမြူရေးလုပ်ငန်းများ တိုးတက်ခေတ်မီရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျေးလက်ဒေသတစ်နိုင်တစ်ပိုင်မွေးမြူရေးမှသည် စီးပွားဖြစ်ခေတ်မီမွေးမြူရေးဖြစ်ထွန်းလာအောင် နိုင်ငံတော်အစိုးရက အထူးအလေးပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့်လည်း ပြည်တွင်းသားငါးစားသုံးမှုဖူလုံလျက်ရှိသည့်အပြင် ပိုလျှံမှုများကို ပြည်ပသို့ ပုံမှန်တင်ပို့ရောင်းချနေပြီဖြစ်ပါကြောင်း။

တစ်ချိန်တည်းမှာပင် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၌ ငါးပုစွန်မျိုးမပြုန်းတီးရေး၊ ဇီဝဆိုင်ရာ ဂေဟစနစ်မပျက်စီးစေရေးတို့အတွက် နိုင်ငံတော်အစိုးရ ဥပဒေများနှင့်အညီ ထိန်းသိမ်းကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

သစ်တောကဏ္ဍ

မြန်မာနိုင်ငံ၏ သစ်တောကဏ္ဍ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိမ်းလန်းစိုပြည်ရေး၊ရေမြေသဘာဝရာသီဥတု ညီညွတ်မျှတစေရေး၊ ရုက္ခမျိုးကွဲ၊ဇီဝမျိုးကွဲများနှင့် ဂေဟစနစ် တည်တံ့စေရေးဦးတည်ပြီး သစ်ထုတ်လုပ်မှု လုပ်ငန်းများကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် သစ်တော ထိန်းသိမ်းပြုစုပျိုးထောင်မှု၊ သဘာဝနယ်မြေများ သတ်မှတ်ကာကွယ်မှု၊ သစ်တောစိုက်ခင်းများပျိုးထောင်မှု၊ ရေဝေရေလဲဒေသများ ထိန်းသိမ်းမှုစသည့် သစ်တောဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း စနစ်တကျစီမံဆောင်ရွက်လျက်ရှိပြီး အညာဒေသအတွက် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဘက်စုံစီမံကိန်းကြီးကိုပါ ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း။

ယင်းသို့ဘက်ပေါင်းစုံမှ မိမိတို့၏ ကိုယ်ပိုင်အမျိုးသားစွမ်းအားဖြင့် ကိုယ့်အား ကိုယ်ကိုးပြီး စနစ်တကျ၊ ရည်မှန်းချက်ရှိရှိ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် မိမိတို့နိုင်ငံ၌ နိုင်ငံသူ၊နိုင်ငံသား ပြည်သူများစားသုံးရန်အတွက် စားနပ်ရိက္ခာ ပြည့်စုံဖူလုံသည်သာမက ကျေးလက်ဒေသများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အဆင့်အတန်းများမှာလည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားလာလျက်ရှိပါကြောင်း၊ ထို့အပြင် နောင်လာနောက်သားများအတွက် ငြိမ်းချမ်းသာယာပြီး ရေမြေသဘာဝ ကောင်းမွန်သည့် ပတ်ဝန်းကျင်ကောင်း၊ အခြေခံကောင်းများကိုလည်း ထိန်းသိမ်းမြှင့်တင် ဆောင်ရွက်ပေးနိုင်နေပြီဖြစ်ကြောင်း။

နိုင်ငံတကာမျက်နှာစာ

နိုင်ငံတကာမျက်နှာစာ၌လည်း မိမိတို့နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံမိသားစုဝင်နိုင်ငံများ၊ ဒေသတွင်း နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းပြီး စားနပ်ရိက္ခာ တိုးမြှင့်ထုတ်လုပ်ရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးစသည့် အပြုသဘောဆောင်သော နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း။

...လသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ ဖြစ် ...သမဂ္ဂ ပဋိညာဉ်စာတမ်းပါ ရည်ရွယ် ... မမှိတ်မသုန် အခိုင်အမာထောက်ခံ။ ...သည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် ...်းရန်၊ အဖွဲ့ဝင်နိုင်ငံအားလုံး၏ ဖွံ့ဖြိုး ...ကိစ္စတို့ကို စွမ်းဆောင်နိုင်မှာ ဖြစ်သည် ...်။ ...ါင်းဆောင်ရွက်ရေးကို မိမိတို့နိုင်ငံ၏ ...ခြေခံအုတ်မြစ်တစ်ရပ်အဖြစ် ချမှတ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ၂၀၀၅ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ခင်းကျင်းပြသထားသော ပြကွင်းပြကွက်များကို ကြည့်ရှုကြစဉ်။
(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကုလသမဂ္ဂစားနပ် ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (F.A.O)၊ သစ်တောရေးရာဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့မှ ခင်းကျင်း ပြသထားသော လယ်ယာသုံး စက်ကိရိယာများနှင့် ပြကွင်း ပြကွက်များကို ကြည့်ရှုကြသည်။

ဆုများပေးအပ်ချီးမြှင့်

ယင်းနောက် အခမ်းအနားကို ပြန်လည်ကျင်းပပြီး ၂၀၀၅ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ်စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများအတွက် ထူးချွန်ဆုများနှင့် စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲများအတွက် ထူးချွန်ဆုများပေးအပ်ချီးမြှင့်ခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက နှမ်းစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆု(ထူးချွန်မြို့နယ်ဆု)ရ ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ်နှင့် နှမ်းစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆု (ထူးချွန်တောင်သူဆု)ရ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် အမှတ်(၄)ရပ်ကွက်မှ ဦးဘအေး၊ အစေ့ထုတ်ပြောင်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု(ထူးချွန်မြို့နယ်ဆု)ရ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အစေ့ထုတ်ပြောင်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆု (ထူးချွန်တောင်သူဆု)ရ ရှမ်းပြည်နယ်(တောင်ပိုင်း)ဆီဆိုင်မြို့နယ် နောင်ကျောကျေးရွာအုပ်စုမှ ဦးစောမောင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ချီးမြှင့်

ဆက်လက်၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက စပါးနှင့်ငါးတွဲဖက်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း စွမ်းဆောင်မှုဂုဏ်ပြုဆုရ ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ် သဘော့ဂူ ကျေးရွာအုပ်စုမှ ဦးမန်းကျော်ရှိန်၊ ဈေးကွက်ဝင် အမယ်သစ်မွေးမြူမှု ဂုဏ်ပြုဆုရ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ငွေဇာပုလဲကုမ္ပဏီလီမိတက်မှ ဦးသန်းလွင်၊ ရေထွက်ပစ္စည်းပြည်ပ တင်ပို့ရောင်းချမှု ထူးချွန်ဆု(ပုံမှန်ကုန်သွယ်ရေး)ရ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် ငါးလုပ်ငန်းနှင့် ပင်လယ်ထွက်ကုန်များ ၂၀၀၀ လီမိတက်မှ ဦးဇော်လေး၊ ပုစွန်တင်ပို့မှုတွင် အများဆုံး ဝင်ငွေရရှိသည့် ကုမ္ပဏီဂုဏ်ပြုဆုရ ရန်ကုန်တိုင်း လှိုင်မြို့နယ် ရွှေယမုံထုတ်လုပ်မှုကုမ္ပဏီလီမိတက်မှ ဦးထွန်းအေး၊ ငါးတင်ပို့မှုတွင် အများဆုံး ဝင်ငွေရရှိသည့် ကုမ္ပဏီဂုဏ်ပြုဆုရ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ်မှ အာရှဝင်းနား ကုမ္ပဏီလီမိတက်မှ ဦးအောင်နိုင်၊ မိဘမျိုးရိုးကြက်မွေးမြူသားပေါက်လုပ်ငန်း တိုင်းရင်းသားမွေးမြူသူထူးချွန် ပထမဆုရ ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့နယ်မှ ဒေါက်တာသိန်းစိန်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဦးခိုင်လင်း၊ နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✧

အေးချမ်းသာယာ ညီညွတ်မျှတသည့် ကမ္ဘာကြီးပေါ်ထွန်းလာရေး ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် မျှတစွာ ကူညီ ပေးမ ဆက်ဆံ

၂၀၀၅ ခုနှစ် ကမ္ဘာ့ စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် အခမ်း အနားတွင် လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး အစေ့ထုတ်ပြောင်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆု (ထူးချွန်မြို့နယ်ဆု)ရ ရှမ်းပြည်နယ် (တောင်ပိုင်း)တောင်ကြီးမြို့နယ်အတွက် တာဝန်ရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

ဆောင်သော နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့ အချိန်အခါအတွင် လူသားအားလုံးအတွက် စိတ်အေးချမ်းမြေ့ဖွယ်ရာ တည်ငြိမ်အေးချမ်းသာယာပြီး ညီညွတ်မျှတသည့် ကမ္ဘာကြီးပေါ်ထွန်းလာစေရေးမှာ ကမ္ဘာ့နိုင်ငံအသီးသီး၏ အပြုသဘောဆောင်သည့် ဆွေးနွေးညှိနှိုင်းမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် မျှတစွာကူညီဖေးမဆက်ဆံမှုများအပေါ် တည်မှီလျက်ရှိပါကြောင်း။

ယင်းသို့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်နားလည်စာနာမှု၊ ဖေးမကူညီမှုများရှိမှသာ၊ ဆင်းရဲမွဲတေမှုနှင့် ငတ်မွတ်ခေါင်းပါးမှု၊ ဆင်းရဲချမ်းသာကွာဟမှု၊ နည်းပညာကွာဟမှုနှင့် အဆင့်အတန်းခွဲခြားဆက်ဆံမှုများကြောင့် ယနေ့ ကမ္ဘာပေါ်တွင် ဖြစ်ပေါ်တည်ရှိနေသည့် မတရားမှုများ၊ မညီညွတ်မှုများ ကွယ်ပျောက်သွားနိုင်ပြီး စားနပ်ရိက္ခာပြည့်စုံကြွယ်ဝသော ကမ္ဘာကြီး၊ တန်းတူညီမျှမှု၊ သဟဇာတဖြစ်မှုတို့ဖြင့် သာယာတင့်တယ်သည့် ကမ္ဘာကြီးပေါ်ထွန်းလာမှာဖြစ်သည်ဟု ပြောကြားလိုပါကြောင်း။

ထို့ကြောင့် နိဂုံးချုပ်အနေဖြင့် ယခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့၏ ဆောင်ပုဒ်နှင့်အညီ ငတ်မွတ်ခေါင်းပါးမှုကင်းစင်သော ကမ္ဘာကြီးဖြစ်ထွန်းလာစေရန်အတွက် ကမ္ဘာ့နိုင်ငံအားလုံး နီးနွှယ်ဆက်စပ်နေသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းအားလုံးသည် အပြုသဘောဆောင်သော ဆွေးနွေးညှိနှိုင်းမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ ထိထိရောက်ရောက်ပြုလုပ်ပြီး စားနပ်ရိက္ခာတိုးတက်ဖူလုံစေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လက်တွေ့ကျကျအကောင်အထည်ဖော်ကြပါရန် တိုက်တွန်းပြောကြားသည်။

သဝဏ်လွှာဖတ်ကြား

ထို့နောက်ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr. Tang Zhengping က ဖတ်ကြားသည်။

ဆက်လက်၍ ၂၀၀၅ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် ဗီဒီယိုပြသသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ၂၀၀၅ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများအတွက် ထူးချွန်ဆုများနှင့် စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲများ အတွက် ထူးချွန်ဆုများပေးအပ်ချီးမြှင့်ခြင်း အစီအစဉ်ကိုကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆုရ ဧရာဝတီတိုင်း ဟင်္သာတမြို့နယ်အားလည်းကောင်း၊ မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆုရ ပဲခူးတိုင်း (အရှေ့ပိုင်း) ကျောက်တံခါးမြို့နယ် ဇရပ်ခင် ကျေးရွာအုပ်စုမှ ဦးခင်မောင်ဝင်းအားလည်းကောင်း၊ လှောင်အိမ်ဖြင့် ရေချိုငါး မွေးမြူရေးဂုဏ်ပြုဆုရ

၂၀၀၅ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် အခမ်း အနားတွင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်ကျွန်းအထူး စိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်း ထူးချွန်မြို့နယ် တတိယဆုရ ဧရာဝတီတိုင်း အင်္ဂပူမြို့နယ်အတွက် တာဝန်ရှိသူတစ်ဦးအား ဆု ပေးအပ်ချီးမြှင့်စဉ်။(သတင်းစဉ်)

ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ယုဇနကုမ္ပဏီလီမိတက်မှ ဦးဌေးမြင့်အားလည်းကောင်း၊ ကျွန်းအထူးစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်း ထူးချွန်မြို့နယ် ပထမဆုရ ဧရာဝတီတိုင်း ကြံခင်းမြို့နယ်အားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ခေတ္တရပ်နားသည်။

ရင်းနှီးစွာနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် တက်ရောက်လာကြသည့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများအား ချစ်ကြည်ရင်းနှီးစွာ နှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံအတွင်း ၂၀၀၅ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အဖြစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ၂၀၀၅ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

၂၀၀၅ ခုနှစ် ကမ္ဘာ့ စားနပ်ရိက္ခာ နေ့ အထိမ်းအမှတ် အခမ်းအနားတွင် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး အဖွဲ့၏ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr. Tang Zhengping ၂၀၀၅ ခုနှစ် ကမ္ဘာ့ စားနပ်ရိက္ခာ နေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ (အခြေခံပညာအထက်တန်းအဆင့်) ထူးချွန် ပထမဆုရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း န၀မတန်းမှ မောင်အောင်မြင့်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

✧ စာမျက်နှာ ၉ မှ

လုပ်မှုလုပ်ငန်းထူးချွန်ပထမဆုရ မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်မှ ဦးဝင်းမောင်နှင့်ဒုတိယဆုရ မန္တလေးတိုင်း မိတ္ထီလာမြို့နယ်မှ ဦးခင်မောင်ဝင်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက်သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သိန်းအောင်က ကျွန်းအထူး စိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းထူးချွန်မြို့နယ် ဒုတိယဆုရ ပဲခူးတိုင်း(အနောက်ပိုင်း) နတ်တလင်းမြို့နယ်နှင့် တတိယဆုရ ဧရာဝတီတိုင်း အင်္ဂပူမြို့နယ်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr. Tang Zhengping က ၂၀၀၅ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ (အခြေခံပညာထက်တန်းအဆင့်) ထူးချွန်ပထမဆုရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း န၀မတန်းမှ မောင်အောင်မြင့်၊ဒုတိယဆုရ ရခိုင်ပြည်နယ် စစ်တွေမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊အဋ္ဌမတန်းမှ မဖူးပွင့်နွေးနွေးကိုနှင့် တတိယဆုရ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၁) အခြေခံပညာ ထက်တန်းကျောင်း၊ န၀မတန်းမှ မနန်းခိုင်ခိုင်ထွန်းတို့အား လည်းကောင်း၊ စာစီစာကုံးပြိုင်ပွဲ (အခြေခံပညာအလယ်တန်းအဆင့်) ထူးချွန်ပထမဆုရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း သတ္တမတန်းမှ မောင်ရှမွေလဒေါင်ခေါင်၊ ဒုတိယဆုရ စစ်ကိုင်းတိုင်း မုံရွာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသတ္တမတန်းမှ မောင်ဘုန်းမြတ်ဇော်နှင့် တတိယဆုရ တနင်္သာရီတိုင်း မြိတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဆဋ္ဌမတန်းမှ မဇင်ချိုငွေးတို့အားလည်းကောင်း၊ စာစီစာကုံးပြိုင်ပွဲ (အခြေခံပညာမူလတန်းအဆင့်)ထူးချွန်ပထမဆုရ ရန်ကုန်တိုင်းကျောက်တန်းမြို့ မြို့မ အခြေခံပညာအလယ်တန်းကျောင်း စတုတ္ထတန်းမှ မမေထူးမြတ်မွန်၊ဒုတိယဆုရ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း စတုတ္ထတန်းမှ မအိမ့်ကြည်စင်နှင့် တတိယဆုရ စစ်ကိုင်းတိုင်း မုံရွာမြို့ ဆူးလေကုန်းအမှတ်(၄) အခြေခံပညာမူလတန်းကျောင်း တတိယတန်းမှ မောင်သူရိန်ကြည်လှိုင်တို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက မြေပဲစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆု (ထူးချွန်မြို့နယ်ဆု)ရ မကွေးတိုင်း အောင်လံမြို့နယ်နှင့် မြေပဲစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆု(ထူးချွန်တောင်သူဆု)ရ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာအုပ်စုမှ ဦးအုန်းတင်၊နှမ်းစိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု(ထူးချွန် မြို့နယ်ဆု)ရ မကွေးတိုင်း မကွေးမြို့နယ်နှင့် နှမ်းစိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု (ထူးချွန်တောင်သူဆု)ရ မန္တလေးတိုင်း မြစ်သားမြို့နယ် ရစ်ကန်ကျေးရွာအုပ်စုမှ ဦးရွှေအောင်တို့အားလည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က နေကြာစိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု (ထူးချွန်မြို့နယ်ဆု)ရ စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ်၊နေကြာစိုက်ပျိုး ထုတ်လုပ်မှုထူးချွန်ဆု (ထူးချွန်တောင်သူဆု)ရ ဧရာဝတီတိုင်း ဇလွန်မြို့နယ် လမိုင်းကျေးရွာ အုပ်စုမှ ဦးအောင်မင်းနှင့် သီးနှံစိုက်စွမ်းအား ထူးချွန်ဆုရ စစ်ကိုင်းတိုင်းတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံစိုက်ပျိုးရေး၊သစ်တော၊မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်က လယ်ယာစိုက်ပျိုးရေးသိပ္ပံပညာရပ်ဆိုင်ရာ သုတေသနစာတမ်းဆုရ ဒေါ်သော်တာမြင့်၊ ဒေါ်ပပအောင်နှင့် ဦးခင်မောင်သက်တို့အဖွဲ့၊ သစ်တောသိပ္ပံပညာရပ်ဆိုင်ရာ သုတေသန စာတမ်းဆုရ ဒေါက်တာစန်းဝင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းသိပ္ပံပညာရပ်ဆိုင်ရာသုတေသန စာတမ်းဆုရ ဒေါ်တင်တင်မြိုင်နှင့် A.A. Salaha တို့အဖွဲ့နှင့် စိုက်သိပ္ပံများကြီးကြပ်မှုဖြင့် အခြေခံပညာကျောင်းများရှိ ဥယျာဉ်ခြံစိုက်ပျိုးထုတ်လုပ်မှု (Tele Food) စီမံကိန်းဆုရ ဧရာဝတီတိုင်း မြောင်းမြမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတို့အားလည်းကောင်း၊မြန်မာနိုင်ငံစိုက်ပျိုးရေး၊သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ဒုတိယဥက္ကဋ္ဌ (စိုက်ပျိုးရေး) ဒေါက်တာမြင့်သိန်းက မတ်ပဲစိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု(ထူးချွန်မြို့နယ်ဆု)ရ ပဲခူးတိုင်း(အရှေ့ပိုင်း) ကျောက်တံခါးမြို့နယ်နှင့် မတ်ပဲစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆု(ထူးချွန်တောင်သူဆု)ရ ပဲခူးတိုင်း (အနောက်ပိုင်း)မင်းလှမြို့နယ် အင်းဘုတ်ကုန်းကျေးရွာအုပ်စုမှ ဦးခင်မောင်တို့အား လည်းကောင်း၊မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ဒုတိယဥက္ကဋ္ဌ (မွေး/ရေ)ဒေါက်တာမင်းစိုးက ရေချိုငါး မွေးမြူထုတ်လုပ်မှုထူးချွန်ဆုရ ရန်ကုန်တိုင်းတွံတေးမြို့နယ်မှ ဦးလှရွှေ၊ရေချိုငါးသားပေါက်ထုတ်လုပ်မှု ဂုဏ်ပြုဆုရ ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကမာမတ်စံပြကျေးရွာ ဧရာဝတီခေတ်မီ ငါးပေါက်စခန်းမှ ဦးဝင်းကြိုင်၊ရေငန်ငါးမွေးမြူရေး ဂုဏ်ပြုဆုရ တနင်္သာရီတိုင်း မြိတ်မြို့နယ် ပြည့်ဖြိုးထွန်းကုမ္ပဏီမှ ဦးလှသန်းတို့အား လည်းကောင်း၊မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ဒုတိယဥက္ကဋ္ဌ (သစ်တော) ဒေါက်တာဉာဏ်ထွန်းက အကောင်းဆုံးသီးနှံသစ်တောရောနှောစိုက်ခင်း(ကျွန်းအထူး) (ထူးချွန်တောင်သူဆု)ရရှိကြသည့် စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် လွှဲဆိပ်ကြိုးဝိုင်းမှ ဦးလှဝင်းအောင်နှင့် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ပေါင်းလင်းကြိုးဝိုင်းမှ ဦးအောင်ရွှေတို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ အတွင်းရေးမှူး ဦးတင်ထွဋ်ဦးက စာစီစာကုံးပြိုင်ပွဲ ထူးချွန်ဆု (စိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသိပ္ပံ)ပထမဆုရ မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် စိုက်ပျိုးရေးသိပ္ပံမှ မောင်ရာဇာ၊ ဒုတိယဆုရ ဧရာဝတီတိုင်း မြောင်းမြစိုက်ပျိုးရေးသိပ္ပံမှ မယမင်းထွန်းနှင့်တတိယဆုရ မကွေးတိုင်း ပွင့်ဖြူမြို့ စိုက်ပျိုးရေးသိပ္ပံမှ မောင်ထွန်းထွန်းမင်း၊ ပိုစတာပြိုင်ပွဲထူးချွန်ဆု(စိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသိပ္ပံ)ပထမဆုရ မကွေးတိုင်း ပွင့်ဖြူမြို့ စိုက်ပျိုးရေးသိပ္ပံမှ မောင်အောင်ဇော်မင်း၊ ဒုတိယဆုရ မန္တလေးတိုင်း ပုသိမ်ကြီး စိုက်ပျိုးရေးသိပ္ပံမှ မောင်ဇင်မင်းအောင်နှင့်တတိယဆုရ မကွေးတိုင်း ပွင့်ဖြူမြို့ စိုက်ပျိုးရေးသိပ္ပံမှ မောင်လှိုင်ဇော်ဌေး၊ ရိက္ခာထုတ်လုပ်မှုထူးချွန်ဆုရ ပဲခူးတိုင်း (အနောက်ပိုင်း)သာယာဝတီမြို့ စိုက်ပျိုးရေးသိပ္ပံတို့အားလည်းကောင်း၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး (မွေး/ရေ)ဒေါက်တာစန်းအောင်က ရေချိုပုစွန်သားပေါက်ထုတ်လုပ်မှုဂုဏ်ပြုဆုရ ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ ပီအေဂျီကုမ္ပဏီလီမိတက်မှ ဦးသန်းမြင့်နှင့် ရေငန်ငါးဖမ်းဆီးထုတ်လုပ်မှုဆုရ တနင်္သာရီတိုင်း ကော့သောင်းမြို့ အဏ္ဏဝါရပ်မှ ဦးတင်မြင့်တို့အား လည်းကောင်း၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး(သစ်တော)ဦးစိုးဝင်းလှိုင်က အကောင်းဆုံးသီးနှံသစ်တောရောနှောစိုက်ခင်း(ကျွန်းအထူး)(ထူးချွန်တောင်သူဆု)ရရှိကြသည့် မန္တလေးတိုင်း ပျဉ်းမနား မြို့နယ် ကိုင်းကြိုးဝိုင်းမှ ဦးအေးလွင်နှင့် ဧရာဝတီတိုင်း ကြံခင်းမြို့နယ် မြောက်မြန်အောင်ကြိုးဝိုင်းမှ ဦးသိန်းစိုးတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်းက ပဲတီစိမ်းစိုက်ပျိုး ထုတ်လုပ်မှုထူးချွန်ဆု(ထူးချွန်မြို့နယ်ဆု)ရ ရန်ကုန်တိုင်း သုံးခွမြို့နယ်၊ ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆု(ထူးချွန်တောင်သူဆု)ရ ရန်ကုန်တိုင်း ခရမ်းမြို့နယ် တကောကန်ကျေးရွာအုပ်စုမှ ဦးသိန်းဟန်တို့အား လည်းကောင်း၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ပဲစင်းငုံ စိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု(ထူးချွန်မြို့နယ်ဆု)ရ မန္တလေးတိုင်း မလှိုင်မြို့နယ်နှင့် ပဲစင်းငုံစိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု(ထူးချွန်တောင်သူဆု)ရ မန္တလေးတိုင်း မလှိုင်မြို့နယ် ဘောက်ခွေးတော ကျေးရွာအုပ်စုမှ ဦးမြင့်ရွှေတို့အား လည်းကောင်း၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု(ထူးချွန်မြို့နယ်ဆု)ရ ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်စန်မြို့နယ်နှင့် လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု (ထူးချွန်တောင်သူဆု)ရ ချင်းပြည်နယ် တီးတိန်မြို့နယ် ဂါလ်ဇုန်ကျေးရွာအုပ်စုမှ ဦးထွန်းလွင်တို့အားလည်းကောင်း၊ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာပြေတင်က မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု (ထူးချွန်မြို့နယ်ဆု)ရ မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ်နှင့် မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆု(ထူးချွန်တောင်သူဆု)ရ မန္တလေးတိုင်း မြစ်သားမြို့နယ်မှ ဦးမောင်သန်းတို့အားလည်းကောင်း၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်က မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆု (ထူးချွန်မြို့နယ်ဆု)ရ မကွေးတိုင်း မြို့သစ်မြို့နယ်နှင့် မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆု (ထူးချွန်တောင်သူဆု)ရ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်မှ ဦးပွကြီးတို့အား လည်းကောင်း၊ မြန်မာ့ကြံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲထွဋ်က ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆု (ထူးချွန်မြို့နယ်ဆု)ရ ပဲခူးတိုင်း ပေါက်ခေါင်းမြို့နယ်နှင့် ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆု (ထူးချွန်တောင်သူဆု)ရ မကွေးတိုင်း တောင်တွင်းကြီးမြို့နယ်မှ ဦးတင်လှိုင်တို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲဖုန်းမြင့်က ဂုန်လျှော်/ချဉ်ပေါင်လျှော်စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆု(ထူးချွန်မြို့နယ်ဆု)ရ ဧရာဝတီတိုင်း မအူပင်မြို့နယ်၊ ဂုန်လျှော်/ချဉ်ပေါင်လျှော်စိုက်ပျိုးထုတ်လုပ်မှု အဝယ်စခန်းဆုရ ဧရာဝတီတိုင်း မအူပင်မြို့နယ် ရွှေလှေသောင်အဝယ်စခန်းနှင့် ဂုန်လျှော်/ချဉ်ပေါင်လျှော်စိုက်ပျိုး ထုတ်လုပ်မှု ထူးချွန်ဆု (ထူးချွန်တောင်သူဆု)ရ ပဲခူးတိုင်းကြို့ပင်ကောက်မြို့နယ်မှ ဦးဟန်သိန်းတို့အား လည်းကောင်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးကြည်ဝင်းက ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်(ခြံရှင်ဆု)ရ ရှမ်းပြည်နယ် (မြောက်ပိုင်း) ဟိုပန်မြို့နယ်မှ ဦးကျင်ဝမ်းနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆု (ထူးချွန်မြို့နယ်ဆု)ရ မွန်ပြည်နယ် ရေးမြို့နယ်တို့အားလည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်က ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်(ခြံရှင်ဆု)ရ ယုဇနကုမ္ပဏီလီမိတက်မှ ဦးဌေးမြင့်နှင့် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆု(ထူးချွန်မြို့နယ်ဆု)ရ တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်တို့အား လည်းကောင်း၊ မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက သီဟိုစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်(ခြံရှင်ဆု)ရ ဧရာဝတီတိုင်း သာပေါင်းမြို့နယ်မှ ဦးရဲဒင်အားလည်းကောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက သီဟိုစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆုရ ဧရာဝတီတိုင်း ငပုတောမြို့နယ်အားလည်းကောင်း၊ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ရွှေက ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုရ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ကန်တော်ကြီးဒေသမှ ဒေါက်တာတင်စိုးလင်းတို့အား လည်းကောင်း၊ ငါးလုပ်ငန်းဦးစီးဌာန ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းထွန်းက ရေချိုပုစွန် မွေးမြူရေးဂုဏ်ပြုဆုရ ရန်ကုန်တိုင်းကမာရွတ်မြို့နယ် အာရှသားအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်မှ ဦးတင်မင်းနှင့် ရေငန်ပုစွန် မွေးမြူရေးဂုဏ်ပြုဆုရ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် တော့ပ်ဝင်းကုမ္ပဏီလီမိတက်မှ ဦးတင်အောင်ဝင်း၊ ရေငန်ပုစွန်သားပေါက် ထုတ်လုပ်ခြင်းဂုဏ်ပြုဆုရ ရန်ကုန်တိုင်း အင်းစိန်မြို့နယ် တီဇက်ဖစ်ရှ်ရီ ကုမ္ပဏီလီမိတက်မှ ဦးသန့်ဇော်၊ ရေထွက်ပစ္စည်းပြည်ပတင်ပို့ရောင်းချမှုထူးချွန်ဆု(နယ်စပ်ကုန်သွယ်ရေး)ရ ရန်ကုန်တိုင်းဘုရင့်နောင် သီရိမွန်ပလာဇာရှိ ကျော်ကျော်သိန်းကုမ္ပဏီလီမိတက်မှ ဦးသိန်းဝင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ပြီးတင်ပို့ခြင်းဖြင့် ဝင်ငွေရရှိသည့်ကုမ္ပဏီဂုဏ်ပြုဆုရ ရန်ကုန်တိုင်း ဗဟန်းမြို့နယ်ရှိ စိန်ငွေမြထရေးဒင်း ကုမ္ပဏီလီမိတက်မှ ဦးအောင်ဒင်တို့အားလည်းကောင်းဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်အေးက ကာကွယ်ဆေးထုတ်လုပ်မှု ထူးချွန်ဆုရ ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ ကာကွယ်ဆေးထုတ်လုပ်ရေးဌာနစိတ်မှ သုတေသနအရာရှိ ဒေါက်တာဇင်မာအောင်၊ တိရစ္ဆာန်ဆေးသိပ္ပံပညာဂုဏ်ပြုဆုရ မန္တလေးတိုင်း ပျဉ်းမနားရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာ ကျော်ဆန်းနှင့် ဝက်ကောင်ရေအများဆုံးမွေးမြူမှု ထူးချွန်ဆု (ကျေးရွာဆု)ရ ရန်ကုန်တိုင်း ခရမ်းမြို့နယ်မှ ပေါက်ပင်ကျေးရွာတို့အား လည်းကောင်း၊ ပျားလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေက တိုင်းရင်းကြက်မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှု ထူးချွန်ဆု(မြို့နယ်ဆု) ပထမဆုရ ရန်ကုန်တိုင်း တိုက်ကြီး မြို့နယ်နှင့်ဒုတိယဆုရ ဧရာဝတီတိုင်း မြောင်းမြမြို့နယ်၊ သိုး၊ဆိတ် မွေးမြူရေးထုတ်လုပ်မှုလုပ်ငန်း ထူးချွန်ဆုရ မကွေးတိုင်း မြိုင်မြို့နယ်မှ ကံသစ်ကျေးရွာတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေက အကောင်းဆုံးသီးနှံသစ်တောရောနှောစိုက်ခင်း (ကျွန်းအထူး) ထူးချွန်တောင်သူဆုရရှိကြသော ပဲခူးတိုင်း (အနောက်ပိုင်း) အုတ်ဖိုမြို့နယ် ဂမုန်းကြိုးဝိုင်းမှ ဦးစိုးသိန်း၊ ပဲခူးတိုင်း(အရှေ့ပိုင်း)ပဲခူးမြို့နယ် ပျဉ်းမ ကြိုးဝိုင်းမှ ဦးစောသိန်းအောင်နှင့်မကွေးတိုင်း စေတုတ္တရာမြို့နယ် မုန်းအနောက်ကြိုးဝိုင်းမှ ဦးသန်းရွှေတို့အား ဆုများပေးအပ်ချီးမြှင့်ပြီးအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသား) ဒိုးပတ် အတီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းမှ မောင်သီဟဇော်နှင့်အဖွဲ့ ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်။
၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။
၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။
၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။
၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ရှင်သန်လာစေရန်။

❖ **တေရသမအကြိမ်မှ**

တေရသမ အကြိမ်(၁၃ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်နှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြိုင်ပွဲကျင်းပရေးနာယက အဖွဲ့ဝင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်းနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ အနုသုခုမ ပညာရှင်ကြီးများ၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုပညာကို မြတ်နိုးကြသော ပြည်သူများ တစ်ခဲနက် လာရောက်ကြည့်ရှုနားသောတဆင် အားပေးကြသည်။

အဆိုပြိုင်ပွဲ

မြန်မာရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲကို နံနက် ၉နာရီတွင် အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ စတုတ္ထနေ့အဖြစ် ဆက်လက်ကျင်းပရာ အဆိုအကဲဖြတ် လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား လက်ထောက်ညွှန်ကြားရေးမှူး(ဂီတ) ဒေါ်တင်တင်မြ၊ အတွင်းရေးမှူး လက်ထောက်အင်ဂျင်နီယာ ဒေါ်မေပြုံးခိုင်နှင့် အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ပြိုင်ပွဲကိုကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ဓမ္မပူဇာတေး

ရှေးဦးစွာ အခြေခံပညာရှင်အဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး) ဓမ္မပူဇာတေး အဆိုပြိုင်ပွဲကို ကျင်းပရာ ချိုတေးဆက်ကိုအောင်ကိုး ရေးစပ်သီကုံးပြီး တေးသံရှင် မေဆွိသီဆိုသည့် **"ကိုးဂုဏ်ရှင် မြတ်ဘုရား"** သီချင်းဖြင့် မန္တလေးတိုင်းမှ မရွှေရည်ဦး၊ ချင်းပြည်နယ်မှ မဒိမ်ရှုန်ဖို၊ တနင်္သာရီတိုင်းမှ မပန်းအိဖြူ၊ မန္တလေးတိုင်းမှ မနန်းခင်မွေး၊ ရန်ကုန်တိုင်းမှ မမြတ်ပိုးခေတ်၊ ရခိုင်ပြည်နယ်မှ မဇင်သူမိုး၊ ရန်ကုန်တိုင်းမှ မနှင်းအေးဝေ၊ ကရင်ပြည်နယ်မှ မဝတ်ရည်ထက်၊ ကချင်ပြည်နယ်မှ မကြည်ကြည်ဝါ၊ ဧရာဝတီတိုင်းမှ မဝေဝေလွင်၊ စစ်ကိုင်းတိုင်းမှ မနှင်းနှင်းအောင်၊ ကယားပြည်နယ်မှ မခိုင်စန္ဒီဦး၊ ရှမ်းပြည်နယ်မှ မမေသက်နွယ်၊ ပဲခူးတိုင်းမှ မတိုးတိုးလှိုင်၊ မွန်ပြည်နယ်မှ မချိုဇာဟိန်းနှင့် မကွေးတိုင်းမှ မနန်းကေသီတို့ ပါဝင်သီဆိုပြိုင်ပွဲဝင်ကြပြီး နံနက် ၁၁နာရီ ၁၅မိနစ်တွင် ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ခေတ်ဟောင်း၊ကာလပေါ်

ထို့နောက် မွန်းလွဲ ၁နာရီတွင် ပညာရှင်အဆင့် (အမျိုးသား) ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ နန်းတော်ရှေ့ ဆရာတင် ရေးစပ်သီကုံး သီဆိုခဲ့သည့် **"သိန်းထီဆုကြီး"** သီချင်းဖြင့် ရန်ကုန်တိုင်းမှ ဦးတင်ဦးလှိုင်၊ စစ်ကိုင်းတိုင်းမှ ဦးဇော်မင်းအောင်၊ ကချင်ပြည်နယ်မှ ဦးရဲထိုက်၊ ကရင်ပြည်နယ်မှ ဦးမောင်မောင်သိန်း၊ ပဲခူးတိုင်းမှ ဦးထွန်းအောင်ကျော်၊ ရန်ကုန်တိုင်းမှ ဦးဇော်မင်းထွန်း၊ ဧရာဝတီတိုင်းမှ ဦးထွန်းမင်းလှိုင်၊ ကယားပြည်နယ်မှ ဦးမြတ်သန်းစံ၊ မန္တလေးတိုင်းမှ ဦးကံမြင့်ဝင်း၊ တနင်္သာရီတိုင်းမှ ဦးတင်အုန်းလေး၊ ရှမ်းပြည်နယ်မှ ဦးစိုင်းညိုမင်း၊ မွန်ပြည်နယ်မှ ဦးမင်းဟန်၊ ရခိုင်ပြည်နယ်မှ ဦးစန်းလွင်နှင့် မန္တလေးတိုင်းမှ ဦးသက်နိုင်တို့ ပါဝင်သီဆို ပြိုင်ပွဲဝင်ကြပြီး အဆိုပြိုင်ပွဲ စတုတ္ထနေ့ အစီအစဉ်များကို ညနေ ၃နာရီခွဲတွင် ရပ်နားလိုက်သည်။

ဝါသနာရှင်အဆင့်(အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှ မောင်လင်းနောင် ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

အမျိုးသားအက

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ အကပြိုင်ပွဲကို နံနက် ၉နာရီတွင် အမျိုးသားဇာတ်ရုံ၌ စတုတ္ထနေ့အဖြစ် ဆက်လက်ကျင်းပရာ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) အကပြိုင်ပွဲ၌ စစ်ကိုင်းတိုင်းမှ မောင်ဘိုဘိုမင်း၊ ရန်ကုန်တိုင်းမှ မောင်ဇေယျာအောင်၊ တနင်္သာရီတိုင်းမှ မောင်မျိုးဇာလင်း၊ ကရင်ပြည်နယ်မှ မောင်ပြည့်စုံထွန်း(ခ)သားချော၊ မန္တလေးတိုင်းမှ မောင်ဉာဏ်ဝင်း (ခ)ပိုင်သူဟိန်း၊ ရှမ်းပြည်နယ်မှ မောင်စိုင်းသီဟနိုင်၊ မွန်ပြည်နယ်မှ မောင်မင်းဇင်မင်းဦး(ခ) ချစ်မိုးကို၊ ရခိုင်ပြည်နယ်မှ မောင်နိုင်မင်းဦး၊ မန္တလေးတိုင်းမှ မောင်သိန်းဌေးအောင်နှင့် ရန်ကုန်တိုင်းမှ မောင်နိုင်လင်းတို့ ပါဝင်ကပြ ပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကို နံနက် ၁၀နာရီ ၁၅မိနစ်တွင် ခေတ္တရပ်နားသည်။

အမျိုးသမီးအက

ယင်းနောက် မွန်းလွဲ ၁နာရီတွင် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသမီး)အကပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မသိသိသာစည်ခိုင်၊ ကယားပြည်နယ်မှ နန်းသဇင်ဖွေးဖွေး၊ မန္တလေးတိုင်းမှ မထက်ထက်စံ၊ ကရင်ပြည်နယ်မှ မအိမြတ်မိုးဝေ(ခ) အိသဉ္ဇာမောင်၊ မကွေးတိုင်းမှ မခင်ယင်းမာလွင်၊ ရန်ကုန်တိုင်းမှ မအိရွှေစင်နှင့် မသက်ထားဝေ၊ တနင်္သာရီတိုင်းမှ မဖူးပွင့်ဝေ၊ ရခိုင်ပြည်နယ်မှ မငြိမ်းအေးမွန်၊ ဧရာဝတီတိုင်းမှ မကျော့ကျော့ခိုင်၊ မွန်ပြည်နယ်မှ မခင်သီရိထက်ဦး၊ ကချင်ပြည်နယ်မှ မသူဇာဝေ၊ ပဲခူးတိုင်းမှ မမေမြတ်သွယ်၊ စစ်ကိုင်းတိုင်းမှ မပိုးသိမ့်ဇော်၊ ချင်းပြည်နယ်မှ မပါရ်လျေဘောရ်နှင့် ရှမ်းပြည်နယ်မှ မဇော်အိမ့်အိမ့်ပိုးတို့ ပါဝင်ကပြ ပြိုင်ပွဲဝင်ကြပြီး စတုတ္ထနေ့ အကပြိုင်ပွဲအစီအစဉ်များကို ညနေ ၃နာရီတွင် ရပ်နားလိုက်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အကပြိုင်ပွဲကို အကအကဲဖြတ် လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်းနှင့် လုပ်ငန်းအဖွဲ့ဝင်များက ပြိုင်ပွဲကို ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ဒိုးပတ်

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ၏ အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် ပဒုမ္မာဇာတ်ရုံ၌ စတုတ္ထနေ့အဖြစ် ဆက်လက်ကျင်းပရာ ဝါသနာရှင်အဆင့်(အမျိုးသား) ဒိုးပတ် အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ ဦးအောင်ဗိုလ်ဗိုလ်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ရဲနိုင်နှင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ မောင်ချစ်ကျော်ကျော်နှင့်အဖွဲ့၊ ပဲခူးတိုင်းမှ ပတ္တမြားကုလားနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ ဦးသဲမောင်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်လင်းထိုက်အောင်နှင့်အဖွဲ့နှင့် မန္တလေးတိုင်းမှ မောင်ဟိန်းထက်နှင့်အဖွဲ့တို့က ပါဝင်ယှဉ်ပြိုင် တီးမှုတ်ကြပြီး ပြိုင်ပွဲကို မွန်းတည့် ၁၂နာရီတွင် ခေတ္တရပ်နားသည်။

အကပြိုင်ပွဲ

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) အကပြိုင်ပွဲတွင် တနင်္သာရီတိုင်းမှ မောင်မျိုးဇာလင်း ယှဉ်ပြိုင်စဉ်။
(ကြေးမုံ)

ပါဝင်ယှဉ်ပြိုင်

ယင်းနောက် မွန်းလွဲ ၁နာရီတွင် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသား) ဒိုးပတ် အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်းမှ မောင်ချမ်းသာနှင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ မောင်ဝေသန့်နှင့်အဖွဲ့၊ ချင်းပြည်နယ်မှ မောင်ထန်းခေါဂေနှင့် အဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်သီဟဇော်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ရဲထွန်းအောင်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်သုတထွန်းနှင့်အဖွဲ့နှင့် ရန်ကုန်တိုင်းမှ မောင်အောင်ထွန်းဦးနှင့် အဖွဲ့တို့ အသီးသီး ပါဝင်ယှဉ်ပြိုင် တီးမှုတ်ကြသည်။

ယနေ့ ကျင်းပသော ဝါသနာရှင်အဆင့် (အမျိုးသား) ဒိုးပတ်အတီးပြိုင်ပွဲနှင့် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ်(အမျိုးသား) ဒိုးပတ်အတီးပြိုင်ပွဲများကို ဦးစိန်ဘမော် ခေါင်းဆောင်သော ဒိုးပတ်အတီး အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ပတ္တလား

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ၏ အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇဇာတ်ရုံ၌ ဆက်လက်ကျင်းပရာ ဝါသနာရှင်အဆင့် (အမျိုးသား)ပတ္တလားအတီးပြိုင်ပွဲတွင် **"ရေမီးထိန်လျှက် (ယိုဒယား)"**ဖြင့် မန္တလေးတိုင်းမှ ဦးကျော်မိုးနိုင်၊ ရန်ကုန်တိုင်းမှ မြန်မာပြည်သားဖိုးဇော်၊ မန္တလေးတိုင်းမှ ဦးဝင်းထွန်းဦး၊ ကချင်ပြည်နယ်မှ ဦးချစ်ဝင်းမောင်၊ စစ်ကိုင်းတိုင်းမှ ဦးဝင်းဇော်၊ ဧရာဝတီတိုင်းမှ မောင်လင်းနောင်၊ မွန်ပြည်နယ်မှ မောင်မျိုးသန့်၊ ရန်ကုန်တိုင်းမှ ဦးမင်းကို၊ ပဲခူးတိုင်းမှ ဦးကျော်စိုးဟန်၊ ရခိုင်ပြည်နယ်မှ မောင်သန့်ဇော်ထွဋ်၊ ကယားပြည်နယ်မှ ဦးသန်းဦး၊ ရှမ်းပြည်နယ်မှ ဦးဌေးနိုင်နှင့် မကွေးတိုင်းမှ ဦးမြမိုးတို့ ပြိုင်ပွဲဝင်ကြသည်။

ပြိုင်ပွဲဝင်

အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ်(အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲတွင် **"ဘုန်းမိုးသွန်းလောင်း (သီချင်းခန့်)"** ဖြင့် မန္တလေးတိုင်းမှ မလှမြတ်ကြွယ်၊ ချင်းပြည်နယ်မှ မရွှန်းရူပါတိုး၊ ရန်ကုန်တိုင်းမှ မဝင်းနန္ဒာလွင်၊ ပဲခူးတိုင်းမှ မဇင်မာဖြိုး၊ ဧရာဝတီတိုင်းမှ မဟန်နီဝေယံထွန်း၊ ရန်ကုန်တိုင်းမှ မနန္ဒာဝင်းဗိုလ်၊ မန္တလေးတိုင်းမှ မမပပဝင်း၊ မွန်ပြည်နယ်မှ မအိပွင့်ဖြူနှင့် မကွေးတိုင်းမှ မစုမှူမှူထွေးတို့ ပြိုင်ပွဲဝင်ကြသည်။

ယနေ့ ယှဉ်ပြိုင်သည့် အတီးပြိုင်ပွဲများကို အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဂီတလုလင် ဦးကိုကိုနှင့် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ပြိုင်ပွဲကို ကြီးကြပ်အမှတ်ပေးကြသည်။

တေရသမအကြိမ်(၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာ ၁၇ရက် သီတင်းကျွတ်လပြည့်နေ့တွင် ရပ်နားပြီး အောက်တိုဘာ ၁၈ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

အုတ်ဖိုမြို့နယ် ဘလားကျေးရွာအနီးတွင် မြေလွတ်မြေရိုင်းများ ဖော်ထုတ်စိုက်ပျိုး စပါး ၁၃၅၄ ဧက ရိတ်သိမ်းပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၆

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးက ဦးစီး၍ ကုမ္ပဏီလုပ်ငန်းရှင်ငါးဦးတို့၏ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ် စိုက်ပျိုးရာသီတွင် ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ဘလားကျေးရွာအနီး မြေလွတ်မြေရိုင်းစပါး၁၃၅၄ ဧက ရိတ်သိမ်းပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် အုတ်ဖိုမြို့နယ် မြစိမ်းရောင်စိုက်ပျိုးရေးစခန်း (ဘလားဒေသ)တွင် ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရှင်းလင်းဆောင်၌ မြစိမ်းရောင်စိုက်ပျိုးရေးစခန်း(ဘလားဒေသ) ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ ခေါင်းဆောင် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဒုတိယအထွေထွေ မန်နေဂျာ ဦးဝင်းမြင့်က မြစိမ်းရောင်စိုက်ပျိုးရေးစခန်း(ဘလားဒေသ)မြေလွတ်မြေရိုင်း ရှာဖွေဖော်ထုတ်စိုက်ပျိုးတိုးတက်မှုအခြေအနေ၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးက ဦးဆောင်ပူးပေါင်းပါဝင်မှုဖြင့် ကုမ္ပဏီငါးခုပါဝင်ကာ မြေလွတ်မြေရိုင်းဧက ၁၃၅၄ ဧကအား ရှာဖွေဖော်ထုတ်၍ ၂၀၀၅ခုနှစ် မတ်လ၂၅ရက်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်မှု၊မိုးစပါး၊ ဆောင်းသီးနှံနှင့် နွေစပါးအပါအဝင်တစ်နှစ်သုံးသီးဖြင့် စိုက်ပျိုးရန် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရိတ်သိမ်းပွဲ အခမ်းအနားကို သတ်မှတ်စံနမူနာကွက်အသီးသီးတွင် ကျင်းပရာ ကောက်ရိတ်သိမ်းအဖွဲ့တို့က ကျော်ဇေယျမျိုးစပါးများကို တပျော်တပါးရိတ်သိမ်းကြပြီး ကြီးကြပ်ရေး အဖွဲ့ခေါင်းဆောင်နှင့်အဖွဲ့ဝင်များ၊ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဝင်များက လှည့်လည်ကြည့်ရှုကြသည်။အဆိုပါ စံနမူနာကွက်၏ တစ်ဧကအထွက်နှုန်းမှာ ပျမ်းမျှ တင်း၈၀ကျော် ဖြစ်ကြောင်းသိရသည်။

ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ဘလားကျေးရွာအနီး မြေလွတ်မြေရိုင်း ၁၃၅၄ဧကကို ဖော်ထုတ်၍ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးက ၃၅၄ဧက၊ ပြည့်စုံဝင်းနိုင် ကုမ္ပဏီက ဧက၅၀၀၊ X Glory Co., Ltd. က ဧက၂၀၀၊ ချိုဇော်ကုမ္ပဏီက ဧက၁၀၀၊မြန်မာ့သီဟကုမ္ပဏီက ဧက ၁၀၀၊ New Sea Wealth Co., Ltdက ဧက၁၀၀ စုစုပေါင်း ၁၃၅၄ ဧကကို မိုးစပါး၊ဆောင်းသီးနှံနှင့် နွေစပါးအပါအဝင် တစ်နှစ်သုံးသီးဖြင့် စိုက်ပျိုးရန်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

(သတင်းစဉ်)

မြန်မာလိဂ်အဆင့်မြင့်တန်းအမှတ်ပေးပွဲ စီးပွား/ ကူးသန်းနှင့်ကာကွယ်ရေး သရေကျ

ရန်ကုန် အောက်တိုဘာ ၁၆

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ဝင်း၌ ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်းနှင့် ကာကွယ်ရေးအသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျသွားသည်။

စီးပွား/ကူးသန်းရှေ့တန်းဂိုးသွင်းရန် ကြိုးစားမှုကို ကာကွယ်ရေးနောက်တန်းမှ ဌေးအောင် ဖျက်ထုတ်ရန်ကြိုးစားစဉ်။ (ကြေးမုံ)

စီးပွား/ကူးသန်းအသင်း- တစ်ဂိုး။
(မာလ)
ကာကွယ်ရေးအသင်း - တစ်ဂိုး။
(လှထွန်းအောင်)
ဒိုင်လူကြီး -ဦးသိန်းမြိုင်။

ပွဲစသည်နှင့် နှစ်သင်းလုံး အပြန်အလှန် ထိုးဖောက်ကစားကြပြီး စီးပွား/ကူးသန်းအသင်းမှ ဘောလုံးပိုင်ဆိုင်မှု ပိုမိုရရှိခဲ့ပြီး ဂိုးသွင်းခွင့်များကို ပိုင်နိုင်စွာ အသုံးမချနိုင်ခဲ့ပေ။ ကာကွယ်ရေးအသင်းမှာ ယခင်ပွဲများထက် ပိုမိုကောင်းလာပြီးအကြိတ်အနယ် ယှဉ်ပြိုင်ကစားနိုင်ခဲ့သည်။ ကာကွယ်ရေးအသင်းမှ လှထွန်းအောင်က ပထမပိုင်း ၄၅မိနစ်တွင် ပထမဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် စီးပွား/ကူးသန်းအသင်းသည် ချေပဂိုးရရှိရန် ပိုမိုထိုးဖောက် ကစားလာခဲ့ရာ ပွဲမှာ အကြိတ်အနယ်ရှိလာသည်။ ပွဲပြီးရန် ငါးမိနစ်ခန့်အလိုတွင်စီးပွား/ကူးသန်းမှ မာလက ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ ပွဲပြီးသည်အထိ ထပ်မံဂိုမသွင်းနိုင်ကြသဖြင့် သရေဖြင့် အဆုံးသတ်ခဲ့သည်။

စီးပွား/ကူးသန်းအသင်းသည် ယခုပွဲအနိုင်ရရှိမှုဇယားထိပ်မှ ဘဏ္ဍာ/အခွန်အသင်းအား အမီလိုက်နိုင်မည်ဖြစ်၍ ကြိုးစားကစားခဲ့သော်လည်း သရေကျခဲ့၍ တစ်မှတ်သာရရှိသည်။ စီးပွား/ကူးသန်းအသင်းမှာ ငါးပွဲကစား လေးပွဲနိုင် တစ်ပွဲသရေ၁၃မှတ်၊ ကာကွယ်ရေးအသင်းက ငါးပွဲကစား သုံးပွဲသရေ၊ နှစ်ပွဲရှုံးသုံးမှတ်သာရရှိထားသည်။

(ကြေးမုံ)

▲ နှစ်လယ်မှ

ယခုနှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ပုလဲအတွဲပေါင်း ၂၀၅ တွဲကို အောက်တိုဘာ ၈ရက်တွင်လည်းကောင်း၊ ကျောက်မျက်အတွဲပေါင်း ၄၅တွဲကို အောက်တိုဘာ၉ရက်တွင်လည်းကောင်း၊ ကျောက်စိမ်းအတွဲပေါင်း ၁၅၃၄တွဲကို အောက်တိုဘာ၁၁ရက်မှ အောက်တိုဘာ၁၅ရက် အထိလည်းကောင်း ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက တင်ဒါစနစ်/ဈေးပြိုင်စနစ်တို့ဖြင့် ဝယ်ယူသွားကြသည်။

၂၀၀၅ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံပေါင်း ၁၃နိုင်ငံ၊ ကုမ္ပဏီ ၃၄၃ခုမှ ရတနာကုန်သည် ၁၂၃၆ဦးနှင့် ပြည်တွင်းကုမ္ပဏီ ၃၂၇ခုမှ နိုင်ငံသားရတနာကုန်သည် ၈၁၇ဦး စုစုပေါင်းရတနာကုန်သည် ၂၀၅၃ဦး တက်ရောက်ကြပြီး ကျောက်မျက်ရတနာအတွဲများကို အပြိုင်အဆိုင် ဝယ်ယူခဲ့ကြသည်။

ယခုနှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ ခန့်မှန်းသည်ထက်နှစ်ဆကျော် ပိုမိုများပြားစွာ လာရောက်ဝယ်ယူကြသည့်အတွက် ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို ယခင်ပြပွဲများထက် အဆပေါင်းများစွာ ပိုမိုရောင်းချခဲ့ရကြောင်းသိရသည်။

(သတင်းစဉ်)

ရွာရန်ရာနှုန်း ၆၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်ယနေ့မွန်းလွဲနှင့် ညနေပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ပရီမီယာလိဂ်ပွဲစဉ်(၉) ယှဉ်ပြိုင် အာဆင်နယ်အသင်း ဝက်စ်ဘရွန်းကိုရှုံး

လန်ဒန် အောက်တိုဘာ ၁၆

အင်္ဂလန်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၉)ကိုစနေနေ့ကကျင်းပရာ ရလဒ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

လီဗာပူး(၁) ဘလက်ဘန်းရိုဗာ(၀)

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲငါးပွဲကစားရာတွင် ပထမဆုံးအကြိမ် အနိုင်ရရှိသည့် လီဗာပူးအသင်းသည် ယခုပွဲ၌ ခက်ခက်ခဲခဲကျပ်ကျပ်တည်းတည်းကစားခဲ့ရသည်။ ပွဲချိန် ၃၃မိနစ်တွင် ဘလက်ဘန်းအသင်းမှ ဂျော်ဂျီယာလူမျိုးနောက်တန်းကစားသမား ဇူရက်ခီဇာနီ ရှဗီးထုတ်ပယ်ခံရသဖြင့် ဆယ်ဦးတည်းဖြင့်ကစားခဲ့ရသည်။

ဇူရက်ခီဇာနီရှဗီးထုတ်ပယ်ခံခဲ့ရပြီးနောက် လီဗာပူးအသင်းက ဘောလုံးပိုင်ဆိုင်မှုများပြားသော်လည်း ဘလက်ဘန်းအသင်းမှ နောက်တန်းကစားသမားများက တက်တက်ကြွကြွ ရဲရဲရင့်ရင့်ကစားနေကြသဖြင့် လီဗာပူးအသင်းမှာ ဂိုးသွင်းနိုင်ခြင်းမရှိခဲ့ပေ။ သို့ရာတွင် ပွဲပြီးရန် ၁၅မိနစ်အလိုတွင် တိုက်စစ်မှူးဂျီဘရေးစစ်က ဖရီးကစ်မှတစ်ဆင့် ဂိုးရအောင်ဖန်တီးနိုင်ခဲ့သည်။

ဆန်းဒါးလန်း(၁) မန်ချက်စတာယူနိုက်တက်(၃)

ပြီးခဲ့သည့်ပွဲများမှစ၍ ပြန်လည်ခြေစွမ်းပြလာသော ဆန်းဒါးလန်းအသင်းသည် ယခုပွဲတွင် မန်ချက်စတာယူနိုက်တက်အသင်းကို အရှုံးပေး လိုက်ရသည်။

ပွဲစတင်ခဲ့ချိန်မှစ၍ ဆန်းဒါးလန်းအသင်းက ဖိကစားလာခဲ့သော်လည်း မန်ချက်စတာယူနိုက်တက်အသင်းက ဂိုးသွင်းရန်အခွင့်အရေးများရရှိအောင် ကြိုးပမ်းနေခဲ့သည်။ ပထမပိုင်းမပြီးဆုံးမီ ငါးမိနစ်အလိုတွင် ဝိန်းရူနေးက ဂိုးသွင်းနိုင်ခဲ့ခြင်းဖြင့် မန်ချက်စတာယူနိုက်တက် အဖွင့်ဂိုးရရှိခဲ့သည်။

ဒုတိယပိုင်းစတင်ပြီးနောက် မန်ချက်စတာယူနိုက်တက်အသင်းက တစစ ထိန်းချုပ်လာနိုင်သည်။ ပွဲချိန်၇၆မိနစ်တွင် ရုဒ်ဗန်နစ္စတယ်လ်ရွိုင်းက မန်ချက်စတာယူနိုက်တက်အသင်းအတွက် ဒုတိယမြောက်ဂိုးကို သွင်းယူခဲ့သည်။

ဆန်းဒါးလန်းအသင်းမှ စတီဖင်အယ်လ်လ်ယွိုက်သည် ပွဲပြီးဆုံးရန် ရှစ်မိနစ်အလိုတွင် ဂိုးသွင်းနိုင်ခဲ့ပြီးနောက် ပွဲချိန်၈၇မိနစ်တွင် အီတလီလူမျိုးဆယ်ကျော်သက်ရွယ် ဘောလုံးသမားလေးရော့စီက မန်ချက်စတာယူနိုက်တက်အသင်းအတွက် ပွဲသိမ်းဂိုးသွင်းယူခဲ့သည်။

တော့တင်ဟမ်ဟော့စပါး (၂) အဲဗာတန် (၀)

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ စတင်ချိန်ကတည်းကပင် ထူးထူးခြားခြား ကစားလာနိုင်သော စပါးအသင်းသည် ယခုပွဲတွင်လည်း အောင်မြင်မှုရရှိသည်။ အဲဗာတန်အသင်းမှာ အဆိုးရွားဆုံးအခြေအနေကို ကျော်လွှားလွန်မြောက်လာပြီဖြစ်သော်လည်း ယခုအချိန်အထိ အမှတ်ပေးဇယားတွင် အောက်ခြေမှ အထက်သို့ တက်လာနိုင်ခြင်းမရှိသေးပေ။

ပွဲချိန် ၅၈မိနစ်တွင် အီဂျစ်လူမျိုးတိုက်စစ်မှူးမီဒိုက စပါးအသင်းအတွက်ခေါင်းတိုက်ကာ ဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၆၃ မိနစ်တွင် ဂျာမိန်းဂျေနက်စ်သည် စပါးအသင်းအတွက် ၎င်း၏ပထမဆုံးသောဂိုးကို သွင်းယူခဲ့ခြင်းဖြင့် အမှတ်ပေး ဇယားတွင် စပါးအသင်းဒုတိယနေရာသို့ တက်လှမ်းလာနိုင်အောင် စွမ်းဆောင်ခဲ့သည်။

အဲဗာတန်အသင်းသည် ရှစ်ပွဲကစားခဲ့ရာတွင် ယခုအချိန်အထိ သုံးမှတ်မျှသာရရှိသေးသည်။

ဝက်စ်ဘရွန်း (၂) အာဆင်နယ် (၁)

ဝက်စ်ဘရွန်းအသင်းက အမှတ်မထင်အနိုင်ရရှိလိုက်သည့် ပွဲတစ်ပွဲဖြစ်သည်။

ယခုအချိန်အထိ ထိခိုက်ဒဏ်ရာရရှိထားသော သီယာရီအွန်နရီ ပါဝင်ကစားနိုင်ခြင်းမရှိသေးသည့် အာဆင်နယ်အသင်းမှ ဆွစ်နောက်တန်းလူ ဖီးလစ်ဆန်းဒါးရော့စ်က ပွဲချိန်၁၇မိနစ်တွင်မြေမကျဘောသွင်းယူခဲ့သည်။ ယင်းဂိုးသည် အာဆင်နယ်အသင်းအတွက် ၎င်း၏ပထမဆုံးဂိုးဖြစ်သည်။

ပထမပိုင်းမပြီးဆုံးမီ ခုနစ်မိနစ်အလိုတွင် ဝက်စ်ဘရွန်းအသင်းမှ အာဆင်နယ်အသင်း တိုက်စစ်မှူးဟောင်းကနူးက ချေပဂိုးသွင်းယူခဲ့သည်။

လူစားဝင်ရောက်လာသည့် ဒါရင်ကာတာသည် ပွဲချိန် ၇၆ မိနစ်တွင် မီတာ ၂၀ အကွာအဝေးမှနေ၍ ကန်သွင်းခဲ့ပြီး ဂိုးရရှိလိုက်ရာ ဝက်စ်ဘရွန်းအသင်း ထူးထူးခြားခြားအနိုင်ရရှိသွားသည်။

ချယ်လ်ဆီး (၅) ဘော်လ်တန် (၁)

ဒုတိယပိုင်းတွင် ကိုးမိနစ်တာကာလအတွင်း လေးဂိုးဆက်တိုက်သွင်းယူခြင်းဖြင့်ချယ်လ်ဆီးအသင်း ဂိုးမိုးရွာခဲ့သည်။

ပွဲချိန် ၄မိနစ်တွင် ဘော်လ်တန်အသင်းက စတင်ဂိုးသွင်းခဲ့သော်လည်း ဒုတိယပိုင်းတွင်မည်သို့မျှ ခေါင်းမထောင်နိုင်တော့ပေ။ ချယ်လ်ဆီးအသင်းအတွက် ပွဲချိန် ၅၂ မိနစ်တွင် ဒရော့ဘာကလည်းကောင်း၊ ပွဲချိန်၅၅မိနစ်နှင့် ၅၉မိနစ်တွင် လမ်းပတ်က လည်းကောင်း၊ ပွဲချိန် ၆၁ မိနစ်တွင် ဒရော့ဘာက လည်းကောင်း၊ ပွဲချိန် ၇၄ မိနစ်တွင် ဂုတ်ဂျွန်ဆင်ကလည်းကောင်း အသီးသီး ဂိုးသွင်းခဲ့ကြသည်။

အမ်အင်အေ/ရိုက်တာ။



အကြိတ်အနယ် ယှဉ်ပြိုင်

ဆန်းဒါးလန်းအသင်းမှ ဂရေးနှင့် မန်ချက်စတာယူနိုက်တက်အသင်းမှ စကိုးလ်တို့ ဘောလုံးရရှိရေး အကြိတ်အနယ်ယှဉ်ပြိုင်ကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒုတိယအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် အထူးတရားပွဲ

"သစ်ဆန်းကြားနာ၊စင်ကြယ်စွာသား" ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊ စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည် တရားနာရာအကျိုးတည်း။ ။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရား ဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာ နာကြားရသူတိုင်း အထက်ပါ အကျိုးတရားငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် ရည်စိတ်သန်၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ် စံပယ်လျက်ရှိသော မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး၏ ဒုတိယအကြိမ် ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးတွင် တစ်ဖက်ပါ အစီအစဉ်အတိုင်း အထူးတရားပွဲသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထားလျက် တရားနာ ကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရွှင်ကြည်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်	အထူးတရားပွဲအစီအစဉ်
စစ်ကိုင်းတောင်ရိုး၊ သဒ္ဓမ္မသီတဂူချောင် ဓမ္မကထိက ဗဟုဇနဟိတဓရ၊ သီတဂူကြယ်တပွင့်၊ အရှင်ပညာနန္ဒ	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့် တနင်္လာနေ့ (၁၇-၁၀-၂၀၀၅)	**ကျင်းပမည့်နေ့ရက်**
ဓမ္မကထိက၊ ဗဟုဇနဟိတဓရ၊ ဓမ္မာစရိယ ဓမ္မဒူတ အရှင်ဆေကိန္ဒ	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၁)ရက် အင်္ဂါနေ့ (၁၈-၁၀-၂၀၀၅)	**၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်နေ့မှ သီတင်းကျွတ်လပြည့်ကျော်(၈)ရက်နေ့ ၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ(၁၇)ရက်နေ့မှ (၂၅)ရက်နေ့ထိ**
ရွှေဘိုမြို့ပုခန်းကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယက(အဖွဲ့ဝင်) အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသ	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၂)ရက် ဗုဒ္ဓဟူးနေ့ (၁၉-၁၀-၂၀၀၅)	
တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာအကျော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယော)ဆရာတော်	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၃)ရက် ကြာသပတေးနေ့ (၂၀-၁၀-၂၀၀၅)	**ကျင်းပမည့်နေရာ**
မွန်ပြည်နယ်၊ မုဒုံမြို့၊ ဓမ္မဒူတကျောင်းတိုက် ပဓာန နာယက ဂဏဝါစက ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဘဒ္ဒန္တကောသလ္လ(မုဒုံဆရာတော်)	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၄)ရက် သောကြာနေ့ (၂၁-၁၀-၂၀၀၅)	
ပထမကျော် ဓမ္မာစရိယ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၅)ရက် စနေနေ့ (၂၂-၁၀-၂၀၀၅)	**မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓာကုဋိတန်ဆောင်းတော်ကြီး၊ ကျောင်းကြီးတိုက်၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်။**
တိပိဋက ပါဠိပါရဂူ ရွှေရတုတိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၆)ရက် တနင်္ဂနွေနေ့ (၂၃-၁၀-၂၀၀၅)	
အနောက်ဂန့်ဂေါ မိုလယ်တောရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသံဝရ	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၇)ရက် တနင်္လာနေ့ (၂၄-၁၀-၂၀၀၅)	**ကျင်းပမည့်အချိန်**
စစ်ကိုင်းတောင်ရိုး၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt), Ph. D	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၈)ရက် အင်္ဂါနေ့ (၂၅-၁၀-၂၀၀၅)	**ညစဉ်(၇း၀၀)နာရီ**

ပြသဆဲမြန်မာဇာတ်ကားများ ဆက်လက်ရုံတင် နေပြည်တော်ရုံ၌ လင်းနို့လူသားဇာတ်ကားပြသ

ရန်ကုန် အောက်တိုဘာ ၁၆

မြို့လယ်မြို့ပတ် ရုပ်ရှင်ရုံများတွင် ပြသဆဲဇာတ်ကားများသာ ဆက်လက်ပြသလျက်ရှိသည်။

ပြသဆဲ မြန်မာရုပ်ရှင်ဇာတ်ကား တစ်ကားဖြစ်သည့် ရွှေတောင် ရုပ်ရှင်ထုတ်လုပ်ရေးမှ ပုဏ္ဏမီ၏ ဝတ္ထုကို ကိုအောင်မင်းသိမ်းနှင့် အောင်ကြီးတို့ ဇာတ်ညွှန်းရေးဖွဲ့ပြီး ကိုဇော်(အရဏ်ဦး) တာဝန်ယူ ရိုက်ကူးသော **ပျော်လိုက်ရအောင်** ဟာသဇာတ်ကားမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံများ၌ ပြသလျက်ရှိသည်။ ဟာသဇာတ်ကား ဖြစ်သဖြင့် ဇာတ်ကားအစမှအဆုံး ရယ်ရွှင် ကြည်နူးဖွယ်ရာများဖြင့် ရိုက်ကူးထားသည်။ အကယ်ဒမီလွင်မိုး၊ အကယ်ဒမီစိုးမြတ်နန္ဒာနှင့် ခိုင်သင်းကြည်တို့ ပါဝင်ထားကြသည်။

အရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ

မဟာထွန်းရုပ်ရှင်မှ ဒါရိုက်တာ ကြည်ဖြူသျှင်ရိုက်ကူးသည့် **ချစ်သော အရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ** အမည်ရှိ ပုဂံခေတ်သမိုင်း နောက်ခံဇာတ်ကားမှာ ရွှေ့ဆောင်ရုပ်ရှင်ရုံ၌ ဆက်လက် အောင်ပွဲခံပြသနေသည်။ အကယ်ဒမီလူမင်း၊ အကယ်ဒမီကျော်သူ၊ အကယ်ဒမီရဲအောင်၊ ဖြိုးငွေစိုး၊ အကယ်ဒမီနေအောင်၊ အကယ်ဒမီမေသန်းနု၊ အကယ်ဒမီနန္ဒာလှိုင်နှင့် အကယ်ဒမီခင်သီတာထွန်းတို့ ပါဝင်ကြသည်။

နိုင်ငံခြားရုပ်ရှင်

အောက်တိုဘာ ၁၄ ရက် သောကြာနေ့တွင် စတင်ရုံတင်ပြသခဲ့သည့် Batman Begins ဇာတ်ကားမှာ နေပြည်တော်ရုံတွင် ဆက်လက်ပြသနေသည်။ လူငယ်များအကြိုက် လင်းနို့လူသားဇာတ်ကားဖြစ်ပြီး Christian Bale နှင့် Katie Holmes တို့ပါဝင်သရုပ်ဆောင်ထားကြသည်။ (ကြေးမုံ)

ဇာတ်ဝင်ခန်းတစ်ကွက်

"ချစ်သော အရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ" ဇာတ်ကားမှ အကယ်ဒမီနေအောင်နှင့် အကယ်ဒမီ ခင်သီတာထွန်းတို့၏ ဇာတ်ဝင်ခန်းတစ်ကွက်ကို တွေ့ရစဉ်။

"ပျော်လိုက်ရအောင်" ဟာသဇာတ်ကားမှ အမျိုးသမီးသရုပ်ဆောင်များ။

ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းနေ ဦးသန်းစိုး၏ (၅၁)နှစ်ပြည့်မွေးနေ့အတွက် နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးသန်းစိုး-ဒေါ်သီတာ၊ သမီးမကေခိုင်ကျော်၊ သားမောင်ကျော်လင်းသန့်မိသားစုက ငွေကျပ် သုံးသိန်းကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊ အမှတ်(၅၀) ဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၁၆

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊အမှတ်(၅၀)တွင်ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ ထိုင်းနှင့်တရုတ်ကုမ္ပဏီတို့ပူးပေါင်း၍ မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့များတူးဖော်မည်။ အမေရိကန်ကမ္ဘာလှည့် ခရီးသည် ၇၈၀ကျော်ဇိမ်ခံသင်္ဘောကြီးဖြင့် လာရောက်လည်ပတ်ရန်ရှိ၊ ဘောလုံးအကယ်ဒမီပြီးတော့ ဂေါ့ဖ်အကယ်ဒမီ စသည့်ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ပါကစ္စတန်နယ်စပ်ငလျင် လူသုံးသောင်းမှ လေးသောင်းသေဆုံးနိုင်၊ အမေရိကန်၌ လူ ၁၃သမ ဇသန်းခန့်ဖိတ်စဉ်နိုင်သည့်တုပ်ကွေးကပ်ဆိုက်ဖွယ်၊ အာကန်ဆော့သူ ရှင်မွေးလွန်း ၁၆ ယောက်မြောက် ကလေးမွေး၊ အသံထက်နှစ်ဆမြန်သည့် ခရီးသည်တင်လေယာဉ် စမ်းသပ်အောင်မြင် စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစား ကဏ္ဍစုံလင်စွာကို E-Empire Media House ဖုန်း-၅၀၀၇၂၁ က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

မိုးကုတ် တရားစခန်းပွဲ

ရန်ကုန် အောက်တိုဘာ ၁၆

ဧရာဝတီတိုင်း ကြံခင်းမြို့ အဖွဲ့ခွဲ (၈၀)တွင် (၃၃)ကြိမ်မြောက် တရားစခန်းပွဲကို သီတင်းကျွတ်လပြည့်ကျော် ၄ ရက်မှ ၁၂ ရက်အထိ မဟာပညာဒီပဗိမာန်ကျောင်းတိုက်နှင့် ကမ္ဘာ့ဗုဒ္ဓဝိပဿနာဗိမာန်ကျောင်းတိုက်တို့၏ ပဓာနနာယကဆရာတော် မိုးကုတ်တရားပြကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တတေဇောဘာသနှင့်ကြံခင်းမြို့ဓမ္မကထိက ဦးတင်အေးတို့က မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယခံယူ၍ ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်တရားများကို ဟောကြားပြသမည်ဟုသိရသည်။ (က-ပ)

ကွယ်လွန်သူမိခင်ကြီး ဒေါ်ကြင်မွှေးအားရည်စူး၍ လမ်းမတော်မြို့နယ် (၁၃)လမ်းနေ ဒေါ်မာမာအေးမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးဝင်း လက်ခံယူစဉ်။ (က-ပ)

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆီမီးရောင်စုံ ထွန်းညှိပူဇော်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၆

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ကကြီးမှူးကျင်းပသည့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆီမီးရောင်စုံ ထွန်းညှိပူဇော်ပွဲအခမ်းအနားကို ယနေ့ညနေ ၆နာရီတွင် အဆိုပါစေတီတော်မြတ်ကြီး၏ ရင်ပြင်တော် ရာဟုထောင့် အောင်မြေ၌ကျင်းပရာ ရွှေတိဂုံစေတီတော်ဂေါပက အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ရုံးဝန်ထမ်းများ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့ဝင်များနှင့် ဘုရားဖူးလာပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြည်ညိုပူဇော်ကြသည်။

အခမ်းအနားမစတင်မီ ရှေးဦးစွာစေတီတော်ဂေါပကအဖွဲ့မှ ဦးဆောင်၍ ဘာသာရေး ဝတ်အသင်းအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ရုံး ဝန်ထမ်းများက ရောင်စုံဆီမီးများ ထွန်းညှိလျက် စေတီတော်ရင်ပြင် ဂျပန်တန်ဆောင်းရှေ့မှစတင်၍ စေတီတော်မြတ်ကြီးအား ရောင်စုံဆီမီးများဖြင့် လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကြသည်။

ဆက်လက်၍ စေတီတော်ဂေါပကအဖွဲ့ဝင်များက စေတီတော်မြတ်ကြီးအား ဆီမီး၊ အမွှေးနံ့သာများဖြင့် ထွန်းညှိပူဇော်ကြသည်။ ထို့နောက် နတ်ဗြဟ္မာများအားပင့်ဖိတ်၍ ငါးပါးသီလခံယူဆောက်တည်ကြပြီး စေတီတော်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာများကို ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် ပရိသတ်များက ရတနာမြတ်သုံးပါးတို့၏ ဂုဏ်တော်များရွတ်ဆိုပွားများကြပြီး မေတ္တာပို့ ဆုတောင်း၍ အမျှပေးဝေကြကာ နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်ကြသည်။ (သတင်းစဉ်)

သီတင်းကျွတ်လပြည့်အကြို အဖိတ်နေ့ညက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆီမီးရောင်စုံ ထွန်းညှိပူဇော်ထားစဉ်။ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၆-၁၀-၂၀၀၅)

ဟုမ္မလင်း
၃ ဒသမ ၅၀ လက်မ

ကော့သောင်း
၁ ဒသမ ၉၃ လက်မ

မိတ္ထီလာ
၁ ဒသမ ၃၄ လက်မ

မိုးကုတ်
၁ ဒသမ ၁၈ လက်မ

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စတုတ္ထနေ့ ပြိုင်ပွဲအစီအစဉ်များ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပ

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာရှင်အဆင့် အသက် (၅-၁၀)နှစ် (အမျိုးသမီး) အက ပြိုင်ပွဲတွင် ကယားပြည်နယ်မှ မနန်းသဇင်ဖွေးဖွေး ယှဉ်ပြိုင်စဉ်။ (ကြေးမုံ)

ရန်ကုန် အောက်တိုဘာ ၁၆

သမိုင်းအစဉ်အလာကောင်းမြတ်ခဲ့သည့် မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ၊ အမျိုးသားယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ၊ လူမှုတန်ဖိုးများ ခိုင်ခိုင်မြဲမြဲဆက်လက်ရှင်သန်ဖြစ်ထွန်းနေစေရေးအတွက် အနုပညာစွမ်းပကားဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည့် တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ စတုတ္ထနေ့ပြိုင်ပွဲအစီအစဉ်များကို ယနေ့ နံနက်ပိုင်းမှစတင်၍ ရန်ကုန်မြို့ရှိ သတ်မှတ်ထားသောနေရာအသီးသီးတို့၌ ခံ့ညားထည်ဝါစွာဖြင့် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပကြသည်။

ကျင်းပ

ယင်းသို့ ကျင်းပကြရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုပြိုင်ပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ လည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ လည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အတီးပြိုင်ပွဲ၏ ဒိုးပတ်အတီးပြိုင်ပွဲကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌ လည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အတီးပြိုင်ပွဲ၏ ပတ္တလား အတီးပြိုင်ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇဇာတ်ရုံ၌ လည်းကောင်း ကျင်းပကြသည်။

ယနေ့ ကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများသို့ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❖

အခြေခံပညာအဆင့် အသက် (၁၀-၁၅)နှစ် (အမျိုးသမီး) မွမ္မပူဇာတေး အဆိုပြိုင်ပွဲတွင် ကယားပြည်နယ်မှ မခိုင်စန္ဒီဦး ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲအောင်မြင်စွာ ကျင်းပပြီးစီး ပုလဲ၊ ကျောက်မျက်၊ ကျောက်စိမ်းအတွဲပေါင်း ၁၇၈၄တွဲ ရောင်းချခဲ့ရ

ရန်ကုန် အောက်တိုဘာ ၁၆

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၅ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ယမန်နေ့ညနေ ၃နာရီက ဆက်လက်ရောင်းချခဲ့ရာ ည ၁၁ နာရီ ၄၅မိနစ်တွင် ကျောက်စိမ်းအတွဲ ပေါင်း ၁၀၀ကို ရောင်းချခဲ့ရသည်။ ယမန်နေ့ တစ်နေ့တည်းပင် ကျောက်စိမ်းအတွဲပေါင်း ၁၅၅တွဲ ရောင်းချခဲ့ရပြီး နှစ်လယ်ရတနာပြပွဲကို အောင်မြင်စွာ ကျင်းပပြီးဆုံးသွားသည်။ စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ▲